**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ဒသမနေ့**မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၄ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၇)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၉၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ ၈-၂-၂၀၁၉ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်မ ဒေါ်သီရိရတနာ က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဦးကင်းရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ နေပြည်တော် လယ်ယာစိစစ်ရေးအစည်းအဝေးတက်ရောက်ရန်။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ငင်းအတိုင်း။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ပညာရေးဝန်ကြီးဌာနအစည်းအဝေးတက်ရောက်ရန်။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အဆင့်မြင့်ပညာရေးဆိုင်ရာနှီးနှောဖလှယ်ပွဲ တက်ရောက်ရန်တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၉)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၇)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ အံတော်ရပ်ကွက်၊ အံတော်ကွင်းရှိ စားကျက်မြေတွင် ဒေသခံများကို အခမဲ့ လုပ်အားပေးခိုင်းစေကာ ‘‘သံတွဲခရိုင် စံပြရော်ဘာစိုက်ပျိုးကွင်း’’အဖြစ် အကောင်အထည်ဖော် စိုက်ပျိုး ခဲ့ကြပြီး အဆိုပါ ရော်ဘာခင်းကို ထိုစဉ်က ဦးဆောင်စိုက်ပျိုးခဲ့ကြသည့် ခရိုင်အကြီးအကဲများကပင် ဦးပိုင်အမည်ပေါက် ရယူခဲ့ကြပြီး ယခုအခါ ခရိုင်အကြီးအကဲများမှ ရယူထားသော ရော်ဘာခင်းများတွင် ကုမ္ပဏီများမှ ဝင်ရောက်၍ လုပ်ငန်းများဆောင်ရွက်နေခြင်းများမှာ ဥပဒေ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ် ခြင်း ရှိ/မရှိနှင့် စားကျက်မြေနေရာ အသစ်တစ်ခု ထပ်မံ၍ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း က ရခိုင် ပြည်နယ်၊ သံတွဲမြို့နယ်၊ အံတော်ရပ်ကွက်၊ အံတော်ကွင်းရှိ စားကျက်မြေတွင် ဒေသခံများကို အခမဲ့ လုပ်အားပေး ခိုင်းစေကာ “သံတွဲခရိုင် စံပြရော်ဘာစိုက်ပျိုးကွင်း” အဖြစ် အကောင်အထည်ဖော် စိုက်ပျိုးခဲ့ကြပြီး အဆိုပါ ရော်ဘာခင်းကို ထိုစဉ်က ဦးဆောင်စိုက်ပျိုးခဲ့ကြသည့် ခရိုင်အကြီးအကဲများကပင်

ဦးပိုင်အမည်ပေါက် ရယူခဲ့ကြပြီး ယခုအခါ ခရိုင်အကြီးအကဲများမှ ရယူထားသော ရော်ဘာခင်းတွင် ကုမ္ပဏီများမှ ဝင်ရောက်၍ လုပ်ငန်းများဆောင်ရွက်နေခြင်းများမှာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ခြင်း ရှိ/မရှိနှင့် စားကျက်မြေနေရာ အသစ်တစ်ခု ထပ်မံ၍ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။

ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ အံတော်ရပ်ကွက်၊ အံတော်ကွင်းရှိ စားကျက်မြေတွင် ဒေသခံများကို အခမဲ့လုပ်အားပေး ခိုင်းစေကာ “သံတွဲခရိုင် စံပြ ရော်ဘာစိုက်ပျိုးကွင်း” အဖြစ် အကောင်အထည်ဖော် စိုက်ပျိုးခဲ့ကြပြီး အဆိုပါ ရော်ဘာခင်းကို ထိုစဉ်က ဦးဆောင် စိုက်ပျိုးခဲ့ကြသည့် ခရိုင်အကြီးအကဲများကပင် ဦးပိုင်အမည်ပေါက် ရယူခဲ့ကြပြီး ယခုအခါ ခရိုင်အကြီးအကဲများမှ ရယူထားသော ရော်ဘာခင်းများတွင် ကုမ္ပဏီများမှ ဝင်ရောက်၍ လုပ်ငန်းများ ဖော်ဆောင်နေကြခြင်းများနှင့်ပတ်သက်၍ စားကျက်မြေနေရာတွင် အထက်ပါကဲ့သို့ လုပ်ငန်းဆောင်ရွက်နေခြင်းများမှာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်း ရှိ/မရှိနှင့် စားကျက်မြေနေရာ အသစ်တစ်ခု ထပ်မံ၍ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ် တစ်ခုဖြစ်တဲ့ သံတွဲမြို့နယ်၊ အံတော်ရပ်ကွက်၊ အံတော်ကွင်းမှာ မိဘဘိုးဘွားများ လက်ထက်ကပင် ထိန်းသိမ်းလာခဲ့တဲ့ ဧက(၁၅၀)ခန့်ရှိ စားကျက်မြေတစ်ခု ရှိပါတယ်။ အဲဒီစားကျက်မြေဟာ ဒေသခံများရဲ့ ခိုင်းကျွဲ၊ ခိုင်းနွားများ လွတ်လပ်မြူးတူးစွာဖြင့် အစာရေစာများ စားသောက်ကြွယ်ဝရန် နေရာတစ်ခု ဖြစ်သလို ဒေသခံများရဲ့ ဟင်းရှာ၊ ထင်းရှာ မှီခိုအားထားရာ နေရာတစ်ခုလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၄ ခုနှစ်တွင် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက အဲဒီစားကျက်မြေမှာ ရော်ဘာစိုက်ပျိုးလိုကြောင်း ဒေသခံပြည်သူများနဲ့ သံတွဲ မြို့နယ်၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဌာနမှ တာဝန်ရှိသူတို့နှင့် ညှိနှိုင်းခဲ့ရာမှာ ဒေသခံတို့နှင့် ဌာန တာဝန်ရှိသူတို့က စားကျက်မြေနေရာတစ်ခု အစားထိုး သတ်မှတ်ပေးနိုင်ပါက သဘောတူနိုင်မည် ဖြစ်ကြောင်းကို ပြန်လည်တင်ပြခဲ့ကြပါတယ်။ ဒါပေမဲ့ အတွင်းရေးမှူးဖြစ်သူက လက်မခံဘဲ အံတော် ရပ်ကွက်အပါအဝင် အနီးအနားရှိ ကျေးရွာအုပ်စု(၅)အုပ်စုမှ ဒေသခံပြည်သူများကို တစ်ပတ်ခန့်မျှ အခမဲ့လုပ်အားပေး ခိုင်းစေကာ ချုံခုတ်၊ တောရှင်းစေပြီး သံတွဲခရိုင် စံပြရော်ဘာစိုက်ပျိုးခင်းကို အကောင်ထည်ဖော် စိုက်ပျိုးခဲ့ကြပါတယ်။ အဲဒီအချိန်ကစပြီးတော့ စားကျက်မြေအတွင်းကို လူရော၊ ကျွဲ၊ နွားများပါ လုံး၀ ဝင်/ထွက်ခွင့်မရှိ ဖြစ်ခဲ့ရကြောင်း ဒေသခံများက ပြောကြားကြပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ်ပိုင်းများတွင် ဒေသခံများ သိရှိလာရသည်မှာ အဆိုပါစားကျက်မြေ စံပြရော်ဘာစိုက်ပျိုးကွင်းကို ၁၉၉၄ ခုနှစ်က ဒေသခံ

ပြည်သူများကို လုပ်အားပေးခေါ်၍ ရော်ဘာပင်များ ဦးဆောင်စိုက်ပျိုးခဲ့တဲ့ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး အမည်ပေါက် ဦးပိုင်(၃)ခုအမည်ဖြင့် ရော်ဘာခင်း ဧက(၅၀)ကျော်ကို ရယူထားပြီး ဥက္ကဋ္ဌဖြစ်သူကလည်း ဦးပိုင်တစ်ခုဖြင့် ရော်ဘာခင်း ဧက(၂၀)ခန့်မျှ ရယူထားကြောင်း သိရှိလာရပါတယ်။ အတွင်းရေးမှူး အမည်ပေါက်နေတဲ့ ရော်ဘာခင်းမှာတော့ TMP ကုမ္ပဏီက (၄)ဧကခန့်ရှိ တောင်ကြားရေကန်ကြီးတစ်ခု တည်ဆောက်ထားကာ လုပ်ငန်းများ ဆောင်ရွက်နေပြီး ဥက္ကဋ္ဌအမည်ပေါက်နေသော အံတော်ရပ်ကွက်ထိပ်ရှိ ရော်ဘာခင်းမှာတော့ မိုးထိအောင်မြင် ကုမ္ပဏီက မြေတူးစက်ကြီးများဖြင့် တောင်စောင်းရှိ ရော်ဘာပင်များကို ဖြိုလှဲ၍ မြေညှိကာ လုပ်ငန်းများ ဖော်ဆောင်ရန် စီစဥ်နေကြသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လာကြရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အံတော်ရပ်ကွက်ရှိ ဒေသခံများ အနေဖြင့် အံတော်ကွင်း စားကျက်မြေကို သံတွဲခရိုင် စံပြရော်ဘာစိုက်ပျိုးကွင်းအဖြစ် လုပ်အားပေး ခေါ်၍ စတင်စိုက်ပျိုးခဲ့ရစဥ် ကာလတုန်းကလည်း ကျေနပ်မှုမရှိကြပါဘူး။ ဒါပေမဲ့ နိုင်ငံအတွက် စိုက်ပျိုးပေးကြရတာပဲ ဆိုပြီးတော့ ဖြေတွေး တွေးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အခုလို ပုဂ္ဂလိကအကျိုးစီးပွား အတွက် ဖြစ်သွားရတဲ့အခါမှာတော့ လုံးဝမကျေနပ်နိုင်ဘဲ စားကျက်မြေကို ဖျက်ပြီးတော့ စိုက်ပျိုးလို့ ရတယ်ဆိုရင် တို့ရပ်ကွက်နားက စားကျက်မြေပဲ၊ တို့က စားကျက်နှင့် အနီးဆုံးနေရာက လူတွေပဲ။ တို့က ဦးအောင် စိုက်ပျိုးပြီးတော့ လုပ်ပိုင်ခွင့်တွေ ရယူမှာပေါ့။ ကျွဲတွေ၊ နွားတွေ စားသောက်ပျော်ပါးဖို့ သီးသန့်ထားတဲ့နေရာဖြစ်လို့ တို့က ဘာအပင်မှ မစိုက်ပျိုးကြဘဲ ထိန်းသိမ်းလာခဲ့ကြတာလို့ ရင်ဖွင့်ပြောဆို ကြပါတယ်။ ယခုအခါမှာတော့ အနီးအနားမှာလည်းပဲ မြေလွတ်၊ မြေလပ်များ မရှိတော့သကဲ့သို့ စားကျက်မြေနေရာမှာလည်း ရော်ဘာခင်းဖြစ်သွားပြီဖြစ်လို့ ဝင်/ထွက် မရကြတော့တဲ့အတွက် ဟင်းရှာ၊ ထင်းရှာ သွားစရာနေရာမရှိ ဖြစ်နေကြပါတယ်။

သို့ဖြစ်ပါ၍ အံတော်ရပ်ကွက်၊ အံတော်ကွင်းစားကျက်မြေကို ဒေသခံပြည်သူများကို အခမဲ့ လုပ်အားပေးခိုင်းစေကာ သံတွဲခရိုင် စံပြရော်ဘာစိုက်ပျိုးကွင်းအဖြစ် အကောင်အထည်ဖော် စိုက်ပျိုး ခဲ့ကြပြီး အဆိုပါစားကျက်မြေ စံပြရော်ဘာစိုက်ပျိုးကွင်းကို ဦးဆောင်စိုက်ပျိုးခဲ့ကြတဲ့ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ဦးပိုင်အမည်ပေါက် ရယူ ခဲ့ကြပြီး ယခုအခါမှာ ၎င်းတို့ ရယူထားတဲ့ ရော်ဘာခင်းများမှာ ကုမ္ပဏီများက ဝင်ရောက်ပြီးတော့ လုပ်ငန်းများ ဖော်ဆောင်နေကြခြင်းနှင့် ပတ်သက်၍ စားကျက်မြေမှာ အခုလို လုပ်ငန်းများ ဖော်ဆောင် နေကြခြင်းဟာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် -----------------။

**ဥက္ကဋ္ဌ**။ ။ အချိန်စေ့သွားပါပြီ။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်းကျေးရွာများဖြစ်သည့် ပုလဲကိုင်းကျေးရွာ၊ လက်ပန်ကျေးရွာ၊ ဇီးချောင်းကျေးရွာများအား ပြည်ထဲရေး အမည်စာရင်း ထည့်သွင်းပေးရန်နှင့် ကျေးရွာများအဖြစ် အသိ အမှတ်ပြု သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင် ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း ကျေးရွာများဖြစ်သည့် ပုလဲကိုင်းကျေးရွာ၊ လက်ပန်ကျေးရွာ၊

ဇီးချောင်းကျေးရွာများအား ပြည်ထဲရေးအမည်စာရင်း ထည့်သွင်းပေးရန်နှင့် ကျေးရွာများအဖြစ် အသိအမှတ်ပြု သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော် မေးတဲ့မေးခွန်းကတော့ ၂၀-၁၁-၂၀၁၈ ရက်နေ့ ကတည်းက မေးထားခဲ့တဲ့မေးခွန်း ဖြစ်ပါတယ်။ အဲဒီတုန်းကတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးဟာ ပြည်ထဲရေးဝန်ကြီးအောက်မှာရှိတဲ့အတွက် ကျွန်တော်က ပြည်ထဲရေး အမည်စာရင်းအောက်မှာ ထည့်သွင်းပေးရေး မေးခဲ့ခြင်းဖြစ်ပါတယ်။ အခုကတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးက သမ္မတနှင့် အစိုးရအဖွဲ့လက်အောက် ရောက်ရှိသွားပြီဖြစ်တဲ့အတွက် ပြည်ထဲရေးအမည်စာရင်းအစား အစိုးရအဖွဲ့အဖြစ် အမည်စာရင်း သတ်မှတ်ပေးရန်ဆိုပြီး ပြောင်းပြီးမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း(၇၉)အုပ်စုနဲ့ ကျေးရွာပေါင်း(၂၈၃)ရွာရှိတဲ့ မြို့နယ် တစ်ခုဖြစ်ပါတယ်။ ကျောက်တော်မြို့နယ်အတွင်း ကျေးရွာများဖြစ်တဲ့ ပုလဲကိုင်းကျေးရွာ၊ လက်ပန်ကျေးရွာ၊ ဇီးချောင်းကျေးရွာများအား မြို့နယ်ကျေးရွာအမည်စာရင်းတွင်လည်း ပါဝင်မှုမရှိဘဲ အစိုးရအဖွဲ့က သတ်မှတ်ထားတဲ့ အမည်စာရင်းမှာလည်း ပါဝင်မှုမရှိကြောင်း တွေ့ရှိရပါတယ်။

အဆိုပါ ကျေးရွာများထဲမှ ပုလဲကိုင်းကျေးရွာမှာ ကျွန်တော်တို့ ကျောက်တော်မြို့နယ်၏ အနောက်ဘက် ကျောက်တော်၊ ဆန်းသစ်ပြင် - သလူချောင်းလမ်းပေါ်တွင် တည်ရှိပြီး ဆန်းသစ်ပြင် ကျေးရွာနှင့် (၁)မိုင်ကျော်လောက် ကွာဝေးပါတယ်။ ကျေးရွာတည်တဲ့နှစ်က နှစ်ပေါင်း(၅၀)ကျော်လောက် ရှိနေပြီဟု သိရပါတယ်။ အိမ်ခြေ(၄၅)ဆောင်ရှိပြီး လူဦးရေ(၂၀၀)ကျော်ခန့် ရှိပါတယ်။ မူလတန်းကျောင်း ကိုလည်း ရရှိခဲ့ပြီးဖြစ်ပါတယ်။ ကျောင်းသားဦးရေ (၆၀)ကျော်လောက်ခန့်ရှိပါတယ်။ တောင်ယာ လုပ်ငန်းကို လုပ်ကိုင်ကြတဲ့ကျေးရွာဖြစ်ပါတယ်။ မြိုတိုင်းရင်းသားများ နေထိုင်တဲ့ကျေးရွာတစ်ရွာလည်း ဖြစ်ပါတယ်။

လက်ပန်ကျေးရွာမှာ ကျောက်တော်မြို့ရဲ့ အရှေ့ဘက်တွင်တည်ရှိပြီး ကျောက်တော် - ပလက်ဝ လမ်းပေါ်တွင် တည်ရှိပါတယ်။ အိမ်ခြေ(၃၀)နီးပါးခန့်ရှိပြီး လူဦးရေ(၁၀၀)ကျော်ခန့် နေထိုင်ကြပါတယ်။ အဆိုပါကျေးရွာမှာ ၁၉၇၄ ခုနှစ်နှင့် ၁၉၇၅ ခုနှစ်တွင် ကျေးရွာမှာ ပျက်စီးခဲ့ပြီး ယခုတစ်ဖန် ပြန်လည်ကာ ရွာတည်ပြီး နေလာကြတဲ့ကျေးရွာ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်မှ ကျေးရွာကို စတင် တည်ထောင်ပြီး နေလာခဲ့ကြခြင်းဖြစ်ပါတယ်။ မင်းသားတောင် အ.လ.က ကျောင်းမှ တွဲဘက် အ.မ.က ကျောင်းရရှိရေး လျှောက်ထားဆဲဖြစ်ပြီး ကျောင်းသားဦးရေ(၃၀)ခန့်ရှိပြီး ကိုယ်ထူကိုယ်ထကျောင်းဆောင် ဆောက်လုပ်ပြီး ပြင်ပမှဆရာများ ငှားရမ်းပြီး နေထိုင်ကြတဲ့ကျေးရွာ ဖြစ်ပါတယ်။

ဇီးချောင်းကျေးရွာမှာလည်း ယခင်ကျေးရွာအဖြစ်ရှိခဲ့ပြီး ၁၉၇၄ ခုနှစ်၊ ၁၉၇၅ ခုနှစ်တွင် ကျေးရွာပျက်စီးခဲ့ပြီး ဇီးချောင်းဆည် တည်ဆောက်လာသည့်အချိန်မှစ၍ ကျေးရွာဖြစ်လာခြင်း ဖြစ်ပါတယ်။ အိမ်ခြေ(၉၀)ခန့်ရှိပြီး လူဦးရေ(၃၀၀)ကျော်ခန့် နေထိုင်ကြပါတယ်။ ဇီးချောင်းဆည်ကို အမှီပြုပြီး၊ ကျေးရွာမှာ ပြန်လည်စည်ကားလာပြီး ရွာတည်ကာ ပြန်လည်နေထိုင်ကြခြင်းဖြစ်ပါတယ်။ ကျောင်းသား ဦးရေ(၅၀)ခန့်ရှိပြီး ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းမရှိသေးတဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။

အဆိုပါ ကျေးရွာ(၃)ရွာမှာ နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးနေကြပြီး မဲထည့်ခွင့်တောင် မရရှိခဲ့ကြောင်း သိရပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ ၃၄၇ နှင့်အညီ ဥပဒေအရာတွင် တန်းတူအခွင့်အရေးရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ အဆိုပါ ကျေးရွာ (၃)ရွာမှာ လူဦးရေ(၆၀၀)ကျော်ခန့်အား နိုင်ငံသားတန်းတူအခွင့်အရေး ရရှိရေးအတွက် ကျေးရွာများ နေပြည်သူများ တောင်းဆိုမှုအရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းကို မေးမြန်းအပ်ပါတယ်။

ကျောက်တော်မြို့နယ်အတွင်း ကျေးရွာများဖြစ်တဲ့ ပုလဲကိုင်းကျေးရွာ၊ လက်ပန်ကျေးရွာ၊ ဇီးချောင်းကျေးရွာများအား အစိုးရအဖွဲ့ရုံး၏ အမည်စာရင်း ထည့်သွင်းပေးရေးနှင့် ကျေးရွာများအဖြစ် အသိအမှတ်ပြု သတ်မှတ်ပေးရေး အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဦးတင်မြင့် (ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်းနဲ့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်မြင့် ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဆက်လက်တင်ပြတဲ့အခါမှာ Power Point အသုံးပြုခွင့်ပေးဖို့ တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ လယ်ယာစိုက်ပျိုးရေးအတွက် အရေးပါတဲ့ ကျွဲ၊ နွားများ ကျန်းမာရေးအတွက်လည်းကောင်း၊ အစာရေစာအတွက်လည်းကောင်း၊ လွတ်ကျောင်းရန်၊ အညောင်းအညာပြေစေရန် ကျွဲ၊ နွား စားကျက်မြေများကို အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၇၅ မှ ၇၉ အထိ

လည်းကောင်း၊ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၆၆ မှ ၇၁ အထိလည်းကောင်း ပြဋ္ဌာန်းချက်များနှင့်အညီ စားကျက်မြေသတ်မှတ်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံတော်အကျိုးငှာလည်းကောင်း၊ အများပြည်သူအကျိုးငှာလည်းကောင်း၊ နီးစပ်ရာကျေးရွာများမှ စားကျက်မြေအဖြစ် အသုံးပြုမှုနည်းပါးလျှင်သော်လည်းကောင်း၊ မြို့မြေ၊ ရွာမြေ တိုးချဲ့ခြင်း၊ လယ်ယာစိုက်ပျိုးမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ ဘာသာရေး၊ သာသနာရေးဆိုင်ရာ လုပ်ငန်းများအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ ဌာနဆိုင်ရာမြေများအဖြစ် ပြောင်းလဲအသုံးပြုခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် ယခုအချိန်တွင် စားကျက်မြေကို လယ်ယာမြေဥပဒေ ပုဒ်မ ၃၃၊ နည်းဥပဒေ ၉၉၊ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၇၇၊ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၆၈ တို့အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ခွင့်ပြုချက်ရရှိမှသာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ စားကျက်မြေများကို ပယ်ဖျက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ် အံတော်ကျေးရွာအုပ်စုမှာ စားကျက်မြေဧရိယာ(၁၃၅.၇၅)ဧကရှိပြီးတော့ အံတော်ကြေးတိုင် မြေကွင်းအတွင်းရှိ စားကျက်မြေဧရိယာ(၉၇.၇၅)ဧကအား သံတွဲခရိုင် စံပြရော်ဘာစိုက်ပျိုးကွင်းအဖြစ် အသုံးပြုနိုင်ဖို့အတွက်ကို ၁၅-၉-၁၉၉၇ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ရခိုင်ပြည်နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၉၇) ဆွေးနွေးဆုံးဖြတ်ချက်အပိုဒ် (၁၆/၁၇)အရ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စစ်တွေမြို့၏ ၁၆-၉-၁၉၉၇ ရက်စွဲပါ ရုံးအမိန့် (၂/၉၇) (စားကျက်)ဖြင့် စားကျက်မြေအဖြစ်မှ ပယ်ဖျက်ခွင့်ရရှိခဲ့သဖြင့် စားကျက်မြေဧရိယာ (၃၈)ဧကသာ ကျန်ရှိကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါ စားကျက်မြေ ပယ်ဖျက်ခွင့် ရရှိခဲ့သော မြေဧရိယာ(၉၇.၇၅) ဧကအနက်မှ သံတွဲခရိုင်စံပြ ရော်ဘာစိုက်ခင်းအဖြစ် (ယခင် ခ.ယ.က ဥက္ကဋ္ဌ) ဒုတိယဗိုလ်မှူးကြီးခင်မောင်သန်း မှ မြေဧရိယာ (၁၇.၃၁)ဧက၊ (ယခင် ခ.ယ.က အတွင်းရေးမှူး) ဗိုလ်မှူးတင်ဆန်း မှ မြေဧရိယာ (၅၀.၅၁) ဧက၊ စုစုပေါင်း မြေဧရိယာ(၆၇.၈၂)ဧကအား ရော်ဘာစိုက်ပျိုးခဲ့ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၃ ခုနှစ်၊ ၎င်းတို့မှ ပုံစံ(၇)ရရှိခဲ့၍ လျှောက်ထားခဲ့သဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၅-၁၁-၂၀၁၃ ရက်စွဲပါ စာအမှတ် ၇၈/မယ(လယ)/၂၀၁၃ အရ ဦးပိုင်အမှတ်(၈)ရှိ မြေဧရိယာ(၁၇.၃၁)ဧကအား ဦးခင်မောင်သန်း အမည်ဖြင့်လည်းကောင်း၊ ဦးပိုင်အမှတ်(၉)ရှိ (၃၄.၆၅)ဧကအား ဦးတင်ဆန်း အမည်ဖြင့်လည်းကောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၂-၇-၂၀၁၅ ရက်စွဲပါစာအမှတ် ၅၁/မယ(လယ)/၂၀၁၅ အရ ဦးပိုင်အမှတ်(၂၆)ရှိ မြေဧရိယာ (၄.၅၈)ဧကနဲ့ ဦးပိုင်အမှတ်(၂၇)ရှိ မြေဧရိယာ(၁၁.၂၈) ဧကတို့ကို ဦးတင်ဆန်း အမည်ဖြင့်လည်းကောင်း၊ စုစုပေါင်းမြေဧရိယာ (၆၇.၈၂) ဧကကို လယ်ယာမြေ လုပ်ပိုင် ခွင့်ပြုလက်မှတ် ပုံစံ(၇) ခွင့်ပြုထုတ်ပေးခဲ့ကြောင်း ၎င်းတို့မှ မြေခွန်များပေးဆောင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

ကျန်ရှိသည့် စားကျက်မြေဧရိယာ(၂၉.၉၃)ဧကအနက် မြေဧရိယာ(၄)ဧကအား အမှတ်(၁) စက်မှုဝန်ကြီးဌာန(ဆီအုန်းခြံ) သံတွဲအတွက် အသုံးပြုရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုအဖွဲ့၏ ၇-၃-၂၀၁၁ ရက်စွဲပါစာဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်ရရှိခဲ့ပြီး

စက်မှုကြီးကြပ်ရုံး(၁)ရုံးနှင့် ရော်ဘာစိုက်ပျိုးခြံ(၁)ခု ဆောက်လုပ်ထားပါကြောင်းနှင့် ကျန်စားကျက်ပယ်ဖျက်မြေဧရိယာ(၂၅.၉၃)ဧကကို တောင်သူ(၁၂)ဦးခန့်မှ လူနေအိမ်၊ ဘုန်းကြီးကျောင်း ဆောက်လုပ်ခြင်းနှင့် ရော်ဘာ၊ ငှက်ပျော၊ နာနတ်၊ သီဟိုဠ် ရာသီ သီးနှံများ ဝင်ရောက်စိုက်ပျိုးလျက်ရှိကြောင်း သိရှိရပါတယ်။ ယခုအခါမှာ ဦးပိုင်အမှတ်(၈) မြေဧရိယာ(၁၇.၃၁)ဧကတွင် ဧည့်ရိပ်သာဆောက်လုပ်ရန် မိုးထိချမ်းသာကုမ္ပဏီမှ ရော်ဘာပင်များ ခုတ်လှဲ၍ မြေပြုပြင်ခြင်း၊ ဆောက်လုပ်ခြင်းမှ ဦးခင်မောင်သန်း အမည်ဖြင့် အဆင့်မြင့်ဧည့်ရိပ်သာ ဆောက်လုပ်အသုံးပြုရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၁၁-၃-၂၀၁၆ ရက်စွဲဖြင့် လယ်ယာမြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရရှိထားခြင်းဖြစ်၍ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ဦးတင်ဆန်း အမည်ပေါက် မြေဧရိယာ(၅၀.၅၁)ဧကကိုလည်း ဦးတင်မောင်ဌေး TMP ကုမ္ပဏီမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ဦးပိုင်အမှတ် (၂၆)မှ မြေဧရိယာ(၄.၂၆)ဧကနှင့် ဦးပိုင်အမှတ်(၂၇) မှ မြေဧရိယာ(၁၀.၅)ဧကအား ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ရေးစက်ရုံနဲ့ သီးနှံစိုက်ပျိုးထုတ်လုပ်ရေးစက်ရုံ ဆောက်လုပ်ရန်အတွက်လည်းကောင်း၊ ဦးပိုင်အမှတ်(၉) မြေဧရိယာ(၃၂.၂၅)ဧကကို သပြေချောင်းရေလှောင်တမံ ဆောက်လုပ်ရန်အတွက်လည်းကောင်း၊ စုပေါင်းမြေဧရိယာ(၄၇.၀၁)ဧကကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားခဲ့ရာမှာ သံတွဲခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၂၉-၃-၂၀၁၇ ရက်စွဲပါစာဖြင့် ရခိုင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြထားပြီးဖြစ်ကြောင်း တွေ့ရှိရပါတယ်ခင်ဗျား။

လယ်ယာမြေ အခြားနည်းဖြင့် အသုံးပြုခွင့်လျှောက်ထားခဲ့သော ဦးပိုင်အမှတ်(၆) မြေဧရိယာ(၄.၂၆)ဧကနှင့် ဦးပိုင်အမှတ်(၂၇) မြေဧရိယာ(၁၀.၅၀)ဧက စုစုပေါင်းမြေဧရိယာ(၁၄.၇၆)ဧကအား အသုံးပြုထားခြင်းမရှိသော်လည်း ဦးပိုင်အမှတ်(၉) မြေဧရိယာ(၃၂.၂၅)ဧကတွင် လယ်ယာမြေ အခြားနည်းဖြင့် အသုံးပြုခွင့် ခွင့်ပြုမိန့်မရရှိမီ ရေလှောင်တမံလုပ်ငန်း လုပ်ဆောင်ထားခြင်းသည် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၁၂(ဆ)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိသဖြင့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ကုန်ထုတ်လမ်းဖြင့် အသုံးပြုရန် မြေဧရိယာ(၃.၅)ဧကကို အခြားနည်း အသုံးပြုခွင့် လျှောက်ထားခြင်းကိုလည်း ခွင့်ပြုထားရှိခဲ့ကြောင်း သိရှိရပါတယ်။ ပယ်ဖျက်ပြီး စားကျက်မြေဧရိယာ (၉၇.၇၅)ဧကအနက် ကျန်ရှိတဲ့ စားကျက်မြေပယ်ဖျက်ပြီး ဧရိယာ(၂၉.၉၃)ဧကမှ မြေဧရိယာ(၄)ဧကအား အမှတ်(၁) စက်မှုဝန်ကြီးဌာန (ဆီအုန်းခြံ)သံတွဲအတွက် အသုံးပြုရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့ရဲ့ ၇-၃-၂၀၁၁ ရက်စွဲပါစာဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့် ရရှိခဲ့ပြီး စက်မှုကြီးကြပ်ရုံး(၁)ရုံးနှင့် ရော်ဘာစိုက်ပျိုးဥယျာဉ်(၁)ခု ဆောက်လုပ်ထားခြင်းသည် ၂၀၁၇ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေနှင့်အညီ ဆောင်ရွက်ထားတာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျန်စားကျက် ပယ်ဖျက်မြေဧရိယာ (၂၅.၉၃)ဧကကို တောင်သူ(၁၂)ဦးခန့်မှ လူနေအိမ်၊ ဘုန်းကြီးကျောင်း ဆောက်လုပ်ခြင်းနှင့် ရော်ဘာ၊ ငှက်ပျော၊ နာနတ်၊ သီဟိုဠ်၊ ရာသီသီးနှံများ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်စိုက်ပျိုးနေခြင်းဟာလည်း ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟို ဥပဒေနှင့်အညီ ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရတဲ့အတွက် သက်ဆိုင်ရာပြည်နယ် မြေလွတ်၊

မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပြီး အကယ်၍ အဆိုပါတောင်သူ(၁၂)ဦးမှ ဆက်လက်လုပ်ကိုင် ဆောင်ရွက်မယ်ဆိုရင်လည်း ဥပဒေနှင့်အညီ လျှောက်ထားရယူနိုင်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ သံတွဲမြို့နယ်၊ အံတော်ကျေးရွာရှိ စားကျက်မြေဧရိယာ (၉၇.၇၅)ဧကဟာ ပယ်ဖျက်ပြီးဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်နေတဲ့ ဦးခင်မောင်သန်း မှ မြေဧရိယာ(၁၇.၃၁)ဧကအား ပုံစံ(၇) လယ်ယာမြေ အခြားနည်းဖြင့် အသုံးပြုခွင့် ရရှိပြီးဖြစ်ခြင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြေဧရိယာ(၄)ဧကအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်ရရှိပြီးဖြစ်ခြင်း၊ ဦးတင်ဆန်း မှ မြေဧရိယာ(၅၀.၅၁)ဧကအား ပုံစံ(၇)ရရှိပြီးဖြစ်ခြင်းတို့သည် ဥပဒေနှင့်အညီ ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါတယ်။ ဦးတင်ဆန်း ပိုင် မြေဧရိယာ(၅၀.၅၁)ဧကဟာ ဝယ်ယူတဲ့သူ ဦးတင်မောင်ဌေး (TMP ကုမ္ပဏီ)မှ အဆိုပါမြေများမှ ဦးပိုင်အမှတ်(၉) မြေဧရိယာ(၃၂.၂၅)ဧကကို လယ်ယာမြေ အခြားနည်း အသုံးပြုခွင့် လျှောက်ထားပြီး ခွင့်ပြုချက်မရရှိမီ လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် တောင်သူ(၁၂)ဦးမှ ခွင့်ပြုချက် ရယူခြင်းမရှိဘဲ လူနေအိမ်၊ ဘုန်းကြီးကျောင်းများ ဆောက်လုပ်ခြင်းနှင့် ရာသီသီးနှံများ စိုက်ပျိုးနေခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိပါ၍ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သင့်ပါကြောင်းနှင့် စားကျက်မြေပယ်ဖျက်ခွင့် ရှိခဲ့သော မြေဧရိယာ(၉၇.၇၅)ဧကကို စားကျက်မြေအဖြစ် ပြန်လည်ပေးရန် မရှိပါကြောင်းနှင့် စားကျက်မြေ ကျန်ရှိတဲ့ မြေဧရိယာ(၃၈)ဧကကိုမူ ထိန်းသိမ်းစောင့်ရှောက်ထားပြီးဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရ အဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်အရ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်နိုင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး ကိုယ်စား ကျွန်တော် ဦးတင်မြင့် ဒုတိယဝန်ကြီးက ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ဆက်လက်ပြီး Power Point လည်း အသုံးပြုခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ပုလဲကိုင်းကျေးရွာလို့ဆိုတဲ့နေရာမှာ ကျောက်တော်မြို့နယ် င/တပေါင်းကျေးရွာအုပ်စု ရိုးချောင်း ကြိုးပြင်ကာကွယ်တောအတွင်း ကွင်းအမှတ်(၇၁၄/B)သည် သဲလမုန်းကွင်းအစပ်မှာ တည်ရှိပါတယ်။ အဆိုပါနေရာသို့ သစ်ခုတ်၊ ဝါးခုတ်လုပ်ငန်း လုပ်ကိုင်သူများ ရောက်ရှိလာပြီးတော့ သစ်ဝါးခုတ်ခြင်း၊ တောင်ယာလုပ်ကိုင်ခြင်းတို့ကြောင့် တဲအိမ်စုများ စုဝေးလာခြင်း ဖြစ်ပါတယ်ခင်ဗျား။ ယခုအခါမှာ အိမ်ခြေ(၄၃)အိမ်၊ လူဦးရေ(၁၀၆)ဦး နေထိုင်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ အဆိုပါနေရာဟာ သစ်တောကြိုးဝိုင်းအတွင်း ကျရောက်လျက်ရှိတဲ့အတွက်ကြောင့် သစ်တောဦးစီးဌာနမှ သစ်တောမြေ အဖြစ် ပယ်ဖျက်ပေးပြီးမှသာ ရွာမြေအဖြစ် ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်အရ တင်ပြအပ်ပါတယ်ခင်ဗျား။

လက်ပန်ကျေးရွာသည် မင်းပြားတောင်အုပ်စု ကျောက်တော် - ပလက်ဝကားလမ်းရဲ့ အနောက်ဘက်မှာ တည်ရှိခဲ့သော ရွာဟောင်းလည်း ဖြစ်ပါတယ်။ ယခု လက်ပန်ကျေးရွာအဖြစ် တင်ပြ တောင်းဆိုနေသောနေရာမှာ ကျောက်တော် - ပလက်ဝကားလမ်းအရှေ့ဘက် ဆင်တောင်သစ်တော ကြိုးဝိုင်းအစပ် ကွင်းအမှတ် ၇၇၃/B ခမောင်းချောင်းအရှေ့ ကြေးတိုင်ကွင်းအတွင်း ကျရောက်ပြီးတော့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအမျိုးအစားဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါနေရာတွင် အိမ်ခြေ

(၂၆)အိမ်၊ လူဦးရေ(၆၀)ဦး နေထိုင်လျက်ရှိပြီးတော့ အဓိကအားဖြင့် သစ်ဝါးများ ခုတ်ယူခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြောင်း တွေ့ရပါတယ်။ အဆိုပါ နေအိမ်များမှာ လွန်ခဲ့သောနှစ်မှ စတင်ရောက်ရှိလာခြင်းဖြစ်ရာ အချိန်ပြည့် ရွှေ့ပြောင်းသွားလာနေကြသော အိမ်ထောင်မိသားစုများဖြစ်တဲ့အတွက်ကြောင့် တရားဝင် အမည်ပေါက်ကျေးရွာအဖြစ် သတ်မှတ်ရန် မသင့်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်အရ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

ဇီးချောင်းကျေးရွာလို့ ဆိုတဲ့နေရာနှင့် ပတ်သက်ပြီးတော့လည်း ကျေးရွာအုပ်စုအဖြစ်သတ်မှတ်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ၁၂-၁-၂၀၁၈ ရက်နေ့မှာ စိစစ်တင်ပြရန်ညွှန်ကြားချက်အပေါ် ၁၈-၂-၂၀၁၈ ရက်နေ့မှာ ကွင်းဆင်းစိစစ်ခဲ့ရာမှာ ဇီးချောင်းကျေးရွာအဖြစ်သတ်မှတ်ပေးရန် တင်ပြတဲ့နေရာဟာ သရက်တပင်ကျေးရွာအုပ်စု ကွင်းအမှတ်(၇၈၁) စပါးဆိပ်ကွင်းအတွင်း ကျရောက်ပြီးတော့ လယ်မြေ၊ ယာမြေနှင့် ဥယျာဉ်ခြံမြေများမှာ ပါဝင်လျက်ရှိပါတယ်။ အဆိုပါနေရာမှာ ဥယျာဉ်ခြံ၊ လယ်မြေများအား လာရောက်လုပ်ကိုင်ကြတဲ့ တဲအိမ်(၂၀) တွေ့ရှိရပြီးတော့ တစ်စုတည်း မရှိဘဲနဲ့ ပြန့်ကျဲလျက် သီးခြားစီ တည်ရှိလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ၎င်းတောင်သူအများစုမှာ အနီးပတ်ဝန်းကျင်ရှိ စပါးဆိပ်ကျေးရွာ၊ သလီကျေးရွာ၊ သရက်တပင်ကျေးရွာ၊ မဟာဘုကျေးရွာများပါ အိုးအိမ်များ ရှိကြပြီးတော့ ယခုနေရာမှာ ၎င်းတို့၏ လယ်ယာဥယျာဉ်ခြံမြေများကိုစောင့်ရှောက်လုပ်ကိုင်နေကြခြင်းနှင့် ကျောက်တော် - ပလက်ဝကားလမ်းဘေးတွင် ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းဖြစ်တဲ့အပြင် တစ်စုတစ်စည်းတည်း မဟုတ်ဘဲနဲ့ ပြန့်ကျဲနေသောကြောင့် ကျေးရွာအဖြစ်သတ်မှတ်ပေးရန် မသင့်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ဖြေကြားချက်အရ တင်ပြအပ်ပါတယ်။

သို့ပါ၍ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း ပုလဲကိုင်းကျေးရွာ၊ လက်ပန်ကျေးရွာနှင့်ဇီးချောင်းကျေးရွာများအား တရားဝင်အမည်ပေါက်ကျေးရွာစာရင်း ထည့်သွင်းပေးရန်နှင့် ကျေးရွာများအဖြစ် အသိအမှတ်ပြု သတ်မှတ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ လက်ပန်ကျေးရွာနှင့် ဇီးချောင်းကျေးရွာတို့သည် စိစစ်တွေ့ရှိချက်များအရ တရားဝင်အမည်ပေါက် ကျေးရွာများအဖြစ် သတ်မှတ်ပေးရန်မသင့်ကြောင်းနှင့် ပုလဲကိုင်းကျေးရွာအား တရားဝင်အမည်ပေါက် ကျေးရွာအဖြစ် သတ်မှတ်ပေးမည်ဆိုပါက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ သစ်တောကြိုးဝိုင်းမြေထဲမှာကျရောက်နေတဲ့အတွက်ကြောင့် သစ်တောကြိုးမြေအဖြစ် ပယ်ဖျက်ပြီးမှသာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေရှင်းချက်အရ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ၁၅-၈-၁၉၉၇ ခုနှစ်မှာ ပြည်နယ်အစိုးရရဲ့ ဆုံးဖြတ်ချက်နဲ့ စားကျက်မြေကို ပယ်ဖျက်ခွင့်ပြုလိုက်တယ်လို့ ပြောပါတယ်။ အဲဒီတော့စားကျက်မြေ ပယ်ဖျက်ခွင့်ပြုပြီးတော့ ဗိုလ်မှူးကြီးခင်မောင်သန်း နဲ့ ဗိုလ်မှူးတင်ဆန်း တို့ကို လုပ်ပိုင်ခွင့်ချထားပေးလိုက်တယ်လို့လည်း ပြောပါတယ်။ အဲဒီတော့ ကျွန်တော် သိချင်တဲ့အချက်က ၁၉၉၄ ခုနှစ်မှာကျွန်တော်တို့ လုပ်အားပေးတွေနဲ့ ဒီရော်ဘာခင်းကို စိုက်ပျိုးတယ်။ ခွင့်ပြုပေးလိုက်တာက သံတွဲခရိုင်စံပြရော်ဘာစိုက်ပျိုးခင်းလုပ်ဖို့အတွက် ၁၅-၈-၁၉၉၇ ရက်နေ့မှာ သူက ခွင့်ပြုပေးလိုက်တာ စိုက်တာကတော့ ၁၉၉၄ ခုနှစ်ကပဲ စိုက်ပျိုးတယ်။ သို့သော် စားကျက်မြေ ပယ်ဖျက်ခွင့်ပြုတာကတော့

၁၅-၈-၁၉၉၇ ရက်နေ့မှာ ခွင့်ပြုတယ်။ အဲဒီတော့ ၁၉၉၇ ခုနှစ်မှာ ခွင့်ပြုတဲ့အခါမှာ ဗိုလ်မှူးကြီး ခင်မောင်သန်း နဲ့ ဗိုလ်မှူးတင်ဆန်း တို့ကို လုပ်ပိုင်ခွင့် တိုက်ရိုက်ချပေးခဲ့တာလား။ ကျွန်တော် အဲဒါ မရှင်းလို့။ စံပြရော်ဘာ စိုက်ပျိုးကွင်းအဖြစ် ပြုလုပ်ဖို့ ခွင့်ပြုမိန့်ချပေးလိုက်တာလား အဲဒီတော့ စံပြရော်ဘာစိုက်ပျိုးခင်းဖြစ်ပြီးတဲ့အခါမှ ဗိုလ်မှူးကြီးခင်မောင်သန်းနဲ့ ဗိုလ်မှူးတင်ဆန်း တို့ကို ဦးပိုင်တွေ ဖောက်ယူခဲ့တာလားဆိုတာကို ကျွန်တော်က ရှင်းရှင်းလင်းလင်းလေး ဖြေကြားပေးစေလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ ဖြေနိုင်လား။

**ဦးတင်မြင့် (ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။　　။ ပြည်ထဲရေး ဝန်ကြီးဌာနအောက်ကနေပြီးတော့မှ အစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအောက်ကို ၂၈-၁၂-၂၀၁၈ ရက်နေ့မှာ စတင်ပြီးတော့ ပြောင်းလွှဲရောက်ရှိတာ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီအချိန်မှာ ခုန ကျွန်တော် တင်ပြပါ အတိုင်း စားကျက်မြေများ ပယ်ဖျက်ခြင်း၊ တည်ထောင်ခြင်းများနှင့် ပတ်သက်ပြီးတော့ အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနကို တင်ပြပြီးမှသာ ခွင့်ပြုဖို့ နောက်ဆုံးမှာ မူဝါဒ ချမှတ်ထားပါတယ်။ ယခင်အခါများကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသလိုပဲ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင် ကျွန်တော်တို့ တိုင်းဒေသကြီး၊ ပြည်နယ်ပေ့ါဗျာ။ အဲဒီ ဥက္ကဋ္ဌများရဲ့ လုပ်ပိုင်ခွင့်မှာ ကျရောက်ပြီးတော့ တချို့ကိစ္စများဆိုရင် ကျွန်တော်တို့ ဝန်ကြီးဌာနကို မတင်ပြတာတွေလည်း ရှိပါတယ်။

နောက်ပြီးတော့ ခုန တင်ပြခဲ့တဲ့၊ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးခဲ့တဲ့ အစတုန်း ကတော့ ရော်ဘာစိုက်ခင်း လုပ်တယ်၊ နောက်မှ ပြောင်းလဲတယ်ဆိုတဲ့နေရာမှာလည်း ဒီခေတ်ကာလ အရတော့ ရော်ဘာစိုက်ဖို့ဆိုပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်မှာ ဆောင်ရွက်ခဲ့တာ ရှိပါတယ်။ ကျွန်တော်ဆိုရင် ချင်းပြည်နယ် အုပ်ချုပ်ရေးမှူးဘဝ နေထိုင်ခဲ့စဉ်မှာပဲ နိုင်ငံတော်အစိုးရ ကနေပြီးတော့ စီမံကိန်းသီးနှံများ ဖျက်တဲ့နေရာမှာ ------------

**ဥက္ကဋ္ဌ**။　　။ ဒုတိယဝန်ကြီး တစ်ခု မေးချင်လို့။ အခုမေးတာက ရော်ဘာစိုက်ခင်း အတွက် ခွင့်ပြုထားလိုက်တယ်။ နောက်ပြီးတော့ ဗိုလ်မှူးကြီးခင်မောင်သန်း နဲ့ ဗိုလ်မှူးတင်ဆန်း နာမည်ပြောင်းတယ်။ အဲဒီက အတိအကျ သိနေပေ့ါလေ။ သိရင်ပြန်မေးလိုက်။ ဒါက ရခိုင်ပြည်နယ် အစိုးရရဲ့ လုပ်ဆောင်ချက်မှာ ရှိမှာလေ။ မသိသေးဘူးဆိုရင်လည်း သူက အတိအကျသိချင်တာ မသိနိုင်ဘူးဆိုရင် နောက်မှ စာနဲ့ပြန်ပြီးတော့ ပြန်မေးလိုက်နော်။

**ဦးတင်မြင့် (ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။　　။ ဟုတ်ကဲ့ ပြန်လည်မေးပြီးတော့ ပြန်လည်တင်ပြပါမယ်။ ကျေးဇူးတင်ပါတယ်။

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။　　။ ခုနက ဒုတိယဝန်ကြီး ဖြေသွားတဲ့ အထဲမှာ ပုလဲကိုင်းကျေးရွာက သစ်တောကြိုးဝိုင်းထဲမှာ ကျရောက်နေတယ်လို့ ပြောသွားပါတယ်။ အဲဒီကျေးရွာက ရွာတည်တာလည်း ကြာပါပြီ။ နှစ်ပေါင်း(၅၀)ကျော်လောက် ရှိနေပါပြီ။ ကျွန်တော် သိချင်တာက သစ်တောကြိုးဝိုင်းထဲက ပယ်ဖျက်ခွင့်ကို အစိုးရအဖွဲ့အနေနဲ့ တစ်ဆက်တစ်စပ်တည်း လုပ်ပေးလို့ရနိုင်မှု ရှိ/မရှိကိုလည်း သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးတင်မြင့် (ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။　　။ ဆက်လက်ပြီး ကျွန်တော်တို့ဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေနဲ့ကတော့ သစ်တောပယ်ဖျက်ခွင့်

ကတော့ ကျွန်တော်တို့ လုပ်ပိုင်ခွင့်ထဲ မကျရောက်ပါဘူး။ သစ်တောပယ်ဖျက်ခွင့်နဲ့ ပတ်သက်ပြီးတော့ ခုန တင်ပြပါအတိုင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကနေပြီးတော့ ခွင့်ပြုရင် ကျွန်တော်တို့ သက်ဆိုင်ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့မှ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၅၄ နှင့်အညီ ကျေးရွာများဖွဲ့စည်းခြင်း၊ တည်ထောင်ခြင်း၊ မြို့များဖွဲ့စည်းခြင်း၊ တည်ထောင်ခြင်းဆိုပြီးတော့ ဆောင်ရွက်ပေးနိုင်ကြောင်း တင်ပြအပ်ပါတယ်။ အဓိကကတော့ ----------

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ်အစိုးရက လျှောက်မှ။

**ဦးတင်မြင့် (ဒုတိယဝန်ကြီး၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ ရခိုင်ပြည်နယ်အစိုးရကနေပြီး သစ်တောပယ်ဖျက်ခွင့်ကို လျှောက်ထားရင် ရပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ ဥပဒေနှင့်အညီ ဆောင်ရွက်နေမှုများကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇဝန က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)မှ ဥပဒေနှင့်အညီ ဆောင်ရွက်နေမှုများကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဗိုလ်မှူးဇဝန (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇဝန ဖြစ်ပါတယ်။ မေးမြန်းမှုများအား Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ အမျိုးသားလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးခွန်းမေးမြန်းမှုများနဲ့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများရဲ့ ဖြေကြားခဲ့မှုများနှင့် ဆက်စပ်နေတဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)မှ ဥပဒေနှင့်အညီ ဆောင်ရွက်နေမှုများကို သိရှိလိုသော ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ၁၄-၁၁-၂၀၁၈ ရက်နေ့မှာတော့ ဦးကျော်ထွေး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ Slide မှာ တင်ပြထားတဲ့အတိုင်း ပြည်တွင်းမှာရှိတဲ့ ပုဂ္ဂလိကသင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနဲ့ ပြည်ပတက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းများ ပူးပေါင်းသင်ကြား၍ ပေးအပ်နေတဲ့ ဒီပလိုမာ၊ ဒီဂရီ၊ မဟာဘွဲ့နဲ့ ဒေါက်တာဘွဲ့လက်မှတ်များကို မှန်ကန်ခိုင်မာမှုနှင့် အရည်အသွေးပြည့်မီမှုတို့ကို စိစစ်၍ မှန်ကန်မှု မရှိဘူးဆိုရင် အရေးယူပေးရန် အစီအစဉ်ရှိ/မရှိ စတဲ့ ပညာရေးဝန်ဆောင်မှု မေးခွန်းများကို မေးမြန်းခဲ့ပါတယ်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ဖြေကြားရာမှာ လက်ရှိဖွင့်ထားတဲ့ ပုဂ္ဂလိကသင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနဲ့ ပြည်ပတက္ကသိုလ် ပညာရေးဆိုင်ရာ

အဖွဲ့အစည်းတွေဟာ ပညာရေးဝန်ကြီးဌာနနဲ့သက်ဆိုင်တဲ့ ဥပဒေများအရ ခွင့်ပြုထားတာမဟုတ်ဘဲ ကုမ္ပဏီမှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများအရ မှတ်ပုံတင်ပြီးတော့ ဖွင့်လှစ်ထားတဲ့ ပညာရေးဝန်ဆောင်မှု ဖြစ်တဲ့အတွက် ဝန်ကြီးဌာနအနေနဲ့ ဒီကျောင်းတွေက ပေးနေတဲ့ ဒီပလိုမာ၊ ဒီဂရီ၊ မဟာဘွဲ့တွေ၊ ဒေါက်တာဘွဲ့လက်မှတ်တွေရဲ့ မှန်ကန်ခိုင်မာမှုနှင့် အရည်အသွေးပြည့်မီမှုတို့ကို လောလောဆယ် ပုဂ္ဂလိကကျောင်းဥပဒေ ပြုစုဆဲဖြစ်၍ စိစစ်နိုင်ခြင်းမရှိသေးဘဲ ပညာရေးလုပ်ငန်းတွေကို ဆောင်ရွက် ခွင့်ပြုရန် MIC မှတစ်ဆင့် ပေးပို့လျှောက်ထားလာတဲ့အပေါ်မှာသာ သဘောထားမှတ်ချက်၊ အကြံပြု ချက်များကို ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေတာဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။

ပညာရေးဝန်ကြီးဌာန ပညာရေးဆောင်ပုဒ်ဖြစ်တဲ့ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ ဆိုပြီး နိုင်ငံတော်၏ အနာဂတ်ကို ပညာရေးဖြင့် တည်ဆောက်ကြရပါမယ်။ ယခုလို ပုဂ္ဂလိကပညာရေး ဝန်ဆောင်မှုကျောင်းတွေနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနအနေနဲ့ အသိအမှတ်ပြုတဲ့ အနေအထားမရှိတာကို တွေ့နေရပါတယ်။ ဒီလို သေချာမစိစစ်ခဲ့ရင် ဘွဲ့အတုတွေ၊ ဒေါက်တာအတုတွေဟာ များပြားလာပြီး နိုင်ငံတကာအဆင့်မီပညာရေးကို မျှော်လင့်ပြီး အားကိုးတကြီး တက်ရောက်သင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူတွေဘက်ကတော့ အချိန်ကုန်မယ်၊ ငွေကုန်ပြီး ၎င်းတို့ရဲ့ မိဘများနှင့် နိုင်ငံတော်အတွက်လည်း များစွာနစ်နာနေကြရပါတယ်။ ယခုလို မြန်မာ့ ပညာရေးဈေးကွက်ထဲကို နိုင်ငံရပ်ခြားကနေ ကျောင်းပေါင်းများစွာ နေရာယူလာတာကိုလည်း မီဒီယာ စာမျက်နှာတွေမှာ ဝေဖန်ဖော်ပြတာတွေကိုလည်း တွေ့ရှိရပါတယ်။ ဒါကတော့ ပညာရေးဝန်ဆောင်မှုနဲ့ သိလိုတဲ့မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခုအနေနဲ့ကတော့ ၁၁-၁၂-၂၀၁၈ ရက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ Slide မှာဖော်ပြထားတဲ့ မေးခွန်းအတိုင်း မုံရွာမြို့ ကျောက်ကာလမ်းပေါ်မှာရှိတဲ့ ဝါကြိတ်စက်ရုံနဲ့ ပတ်သက်ပြီး နိုင်ငံတော်အတွက်ရော၊ ဒေသအတွက်ပါ အကျိုးလုံးဝမရှိတဲ့အပြင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်မှာလည်း ၁၄-၃-၂၀၁၇ ရက်နေ့မှာ ငှားရမ်းစာချုပ်ဖျက်သိမ်းပြီး ငှားရမ်းရပ်စဲကြောင်း အတည်ပြုခဲ့ပါတယ်။ ဒီအတည်ပြုခဲ့သော်လည်း ဖျက်သိမ်းရပ်စဲခြင်းမရှိဘဲ မည်သည့်အချိန်မှာ ဖျက်သိမ်း ရပ်စဲရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းခဲ့ပါတယ်။

ဒီမေးမြန်းမှုအပေါ်မှာလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီးမှ ပြန်လည်ဖြေကြားခဲ့ပါတယ်။ ဒီဝါကြိတ်စက်ရုံကြီးကို MIC ရဲ့ ခွင့်ပြုမှုနဲ့ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ ကွင်းဆင်းစိစစ်ဆောင်ရွက်ခဲ့တာဖြစ်ပါကြောင်း ကုမ္ပဏီရဲ့ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအပေါ် မူတည်ပြီး စာချုပ်ဖျက်သိမ်းခြင်းတွေ၊ ရပ်ဆိုင်း ခြင်းတွေနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ သွားရမယ့်ကိစ္စဖြစ်ပါကြောင်း လွှမ်းခြုံပြီးတော့ ရှင်းလင်းဖြေကြားခဲ့ပါတယ်။ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီရဲ့ (၂/၂၀၁၉) အစီရင်ခံစာမှာလည်း MIC ရဲ့ခွင့်ပြုချက်ဖြင့် ကုမ္ပဏီများသို့ ကင်းလွတ်ခွင့်ပြုထားတဲ့ တန်ဖိုးဟာ (၁၀၃.၄၁၄) ဘီလီယံကျပ်ရှိတယ်လို့ ဖော်ပြထားပါတယ်။ အကျိုးရှိတဲ့ လုပ်ငန်းများဆိုရင်တော့ တိုင်းပြည်အတွက် အကျိုးရှိပေမယ့် ကျွန်တော် အခုမေးတဲ့ ခွင့်ပြုပေးခဲ့ရင်တော့ တိုင်းပြည်ရဲ့ဘဏ္ဍာ ငွေများ နစ်နာဆုံးရှုံးကြမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါအချက်များအား သိရှိလိုပါသဖြင့် ဖြေကြားပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ပထမမေးခွန်းအနေနဲ့ကတော့ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများမှ ပေးအပ်နေတဲ့ ဒီပလိုမာ၊ ဒီဂရီ၊ မဟာဘွဲ့နှင့် ဒေါက်တာဘွဲ့လက်မှတ်များရဲ့ မှန်ကန်ခိုင်မာမှုနဲ့ အရည်အသွေး ပြည့်မီမှုနှင့် စိတ်ချခိုင်မာမှုတို့ဟာ မည်ကဲ့သို့ စိစစ်ဆောင်ရွက်နေပါသလဲ။ ဒုတိယမေးခွန်းဖြစ်ပါတယ်။ MIC မှ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသော ဝါကြိတ်စက်ရုံနှင့်ပတ်သက်၍ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ထားပြီး နောက်ဆုံးအခြေအနေအား သိရှိလိုခြင်း ဖြစ်ပါတယ်။ တတိယမေးခွန်းဖြစ်ပါတယ်။ ယနေ့ အချိန်အခါမှာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအား တရားဝင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများကိုလည်း ဆောင်ရွက်နေပြီဖြစ်ပါတယ်။ MIC အဖွဲ့ကို မည်ကဲ့သို့ ဖွဲ့စည်း ဒါမှမဟုတ်ရင် ဖျက်သိမ်းတော့မှာလား ဆောင်ရွက်သွားမယ့် အစီအစဉ်ကို သိရှိလိုကြောင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၉။**

**ဦးဆက်အောင် (ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇဝန ၏ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)မှ ဥပဒေနှင့်အညီ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းပြီး သိလိုတဲ့ မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ယခုလို မေးခွန်းမေးမြန်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်း ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

ပထမဦးစွာ ပညာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် စပ်လျဉ်းသည့်အခြေအနေများကို ဖြေကြားလိုပါတယ်။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ အမှတ်စဉ်(၃)မှာ ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းစေနိုင်သည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရေးပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဟု ချမှတ်ထားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံက လတ်တလောထုတ်ပြန်ထားတဲ့ Myanmar Sustainable Development Plan ရဲ့ ပန်းတိုင်(၄)မှာလည်း လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေး (Human Resources Development) နဲ့ပတ်သက်တဲ့ ဗျူဟာများနှင့် လုပ်ငန်းစဉ် (Action Plan) များကိုလည်း ရေးဆွဲထားပြီး အဲဒီ Action Plan တွေကို အကောင်အထည်ဖော်စေဖို့ Project နှင့် Programme များကိုလည်း ဆက်လက်ရေးဆွဲလျက်ရှိပါတယ်။ အဲဒီ Project တွေ၊ Programme တွေကိုလည်း ဆက်လက် အကောင်အထည်ဖော်ဆောင်နိုင်မယ့် Implementation Platform တစ်ခုဖြစ်တဲ့ ဒီ Project Bank ကိုလည်း ဆက်လက်ဆောင်ရွက်လျက် ရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအမှတ် ၄၃ အရ သတ်မှတ်ထားတဲ့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်မည့်ကဏ္ဍများတွင်လည်း ပညာရေးကဏ္ဍပါဝင်ပြီး ပညာရေးကဏ္ဍမှာ

ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လိုတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကလည်း ဆက်သွယ်စုံစမ်းမှုများစွာ ရှိနေခြင်းတို့ကြောင့် ပညာရေးကဏ္ဍမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာစေရေးဟာလည်း များစွာ အရေးပါလာပါတယ်။

အဲဒါကြောင့်မို့လို့ သက်ဆိုင်တဲ့ ပညာရေးဥပဒေ ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးမီ ကာလအတွင်းမှာ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများရဲ့ ရင်းနှီးမြှုပ်နှံမှုများ၊ လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၈)၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၈)ဖြင့် ပညာရေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်းဆိုင်ရာ သတ်မှတ်ချက်များကို ၂၀-၄-၂၀၁၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့တာဖြစ်ပါတယ်။ အဆိုပါ အမိန့်ကြော်ငြာစာအရ ပညာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများ MIC သို့ လျှောက်ထားနိုင်ပြီးတော့ ၎င်းတို့ကို စိစစ်တဲ့အခါမှာ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များနှင့် ပညာရပ်ဆိုင်ရာကိစ္စရပ်များဟူ၍ (၂)မျိုးခွဲခြားပြီးတော့ စိစစ်လျက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကိုတော့ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ သက်ဆိုင်ရာအစိုးရဌာနများမှ တာဝန်ရှိအရာရှိ၊ တာဝန်ခံအရာရှိများနှင့် ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများပါဝင်တဲ့ အဆိုပြုချက်စိစစ်ရေးအဖွဲ့ အစည်းအဝေးမှာ ဆွေးနွေးပြီးတော့ အတည်ပြုခြင်းဖြစ်ပါတယ်။ ပညာရပ်ပိုင်းဆိုင်ရာကိစ္စရပ်များကိုတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အဆိုပြုလျှောက်လွှာမှာ တည်ဆောက်မည့်ကျောင်း၏ ပညာရေးဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ၊ ပညာရပ်ပိုင်းဆိုင်ရာ အချက်အလက်များနှင့် အထောက်အထားများ အပေါ် မူတည်ပြီးတော့ စစ်ဆေးတာဖြစ်ပါတယ်။ ထိုသို့ အသီးသီးစိစစ်၍ ဥပဒေ၊ မူဝါဒများနှင့် ကိုက်ညီမှသာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လုပ်ငန်းဆောင်ရွက်ဖို့ ခွင့်ပြုခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ကြီးကြပ်မှုများ၊ ရင်းနှီးမြှုပ်နှံမှုပိုင်း၊ ပညာရေးနှင့် ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုကို ကြီးကြပ်မှုများဆောင်ရွက်တာကတော့ ပညာရေးဝန်ကြီးဌာနကပဲ ဆက်လက်ပြီးတော့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ယနေ့အထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကနေပြီးတော့ သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသည့် အခြေခံပညာအဆင့် ပုဂ္ဂလိကကျောင်း (၄)ကျောင်းနှင့် အဆင့်မြင့်ပညာသင် ပုဂ္ဂလိကကျောင်း (၄)ကျောင်းတို့ကို ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာဖြင့် ဆောင်ရွက်လျက်ရှိတဲ့ ပညာရေးဝန်ဆောင်မှု လုပ်ငန်းများဟာ သက်ဆိုင်ရာ ပညာရေးဥပဒေ ပြဋ္ဌာန်းပြီးတဲ့အခါမှာ ၎င်းဥပဒေများနှင့်အညီ ဆက်လက် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

MIC ကို လာရောက်လျှောက်ထားလာတဲ့ ပညာရေးဝန်ဆောင်မှုလုပ်ငန်းတွေကို အကြမ်းဖျင်းကြည့်မယ်ဆိုလို့ရှိရင် အခြေခံပညာသင်တဲ့ကျောင်း (Primary and Secondary School) နှင့် အဆင့်မြင့်ပညာသင်တဲ့ကျောင်းဆိုပြီးတော့ (၂)မျိုးခွဲခြားနိုင်မှာ ဖြစ်ပါတယ်။ အခြေခံပညာသင်တဲ့ကျောင်း (Primary and Secondary School) ကျောင်းတွေကတော့ MIC ကို လာလျှောက်ထားတဲ့ လျှောက်ထားချက်များအရ အင်္ဂလန်နိုင်ငံမှာရှိတဲ့ IGCSE, GCSE ဆိုတဲ့စာမေးပွဲတွေ ဖြေဖို့အတွက် သင်တန်းကျောင်းများသာဖြစ်တာကို တွေ့ရှိရတာဖြစ်ပါတယ်။ GCSE ဆိုရင် GCSE O Level မှာ ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံက (၁၀)တန်းအဆင့်နှင့်ညီမျှပြီးတော့ GCSE (A) Level ဆိုလို့ရှိရင် (၁၂)တန်းအဆင့်နှင့်ညီမျှတဲ့ သင်တန်းများဖြစ်ပြီးတော့ GCSE စာမေးပွဲများကိုလည်း British Council

ကနေပြီးတော့ သူတို့သတ်မှတ်ထားတဲ့နေရာမှာ စာမေးပွဲဖြေပြီးမှသာ GCSE အောင်လက်မှတ်များ ရတာဖြစ်တဲ့အတွက် ဒီ GCSE အောင်လက်မှတ်များကို အခြားနိုင်ငံမှာလည်း တက္ကသိုလ်ဝင်တဲ့အခါမှာ အသိအမှတ်ပြုတဲ့ အောင်လက်မှတ်များဖြစ်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။

အဆင့်မြင့်ပညာသင်ကျောင်းများကို ကြည့်မယ်ဆိုလို့ရှိရင် သူတို့မှာ ပေးအပ်တဲ့ ပုံစံမျိုး (၃)ခုရှိတာ တွေ့ရပါတယ်။ ပထမတစ်ခုကတော့ သူတို့ကိုယ်တိုင် Own Certificate and Diploma ကိုပေးတာ ဖြစ်ပါတယ်။ ဒီ Own Certificate and Diploma ကို ပေးပြီးတော့ Degree Programme ကို သူတို့ကိုယ်တိုင်ပေးတာကို မတွေ့ရှိရပါဘူးခင်ဗျား။ ဒုတိယအနေနဲ့ Foreign Certificate and Foreign Diploma Programme ဥပမာဆိုရင် Foreign Certificate နေရာမှာ ACCA လိုမျိုး၊ နောက် ABE လိုမျိုး၊ ဒီလိုမျိုး နိုင်ငံတကာကပေးတဲ့ Certificate တွေ သင်ကြားပြီးတော့ သက်ဆိုင်ရာ British Council ကပဲ ဘာသာရပ်ဆိုင်ရာ စာမေးပွဲများကို ဖြေဆိုပြီးတော့ ဒီ Certificate တွေ ရယူတဲ့ပုံစံမျိုး ရှိတာတွေ့ရှိရပါတယ်။ Foreign Degree များ ပေးတဲ့အခါမှာလည်း နိုင်ငံတကာမှာရှိတဲ့ တက္ကသိုလ်၊ ကျောင်းများကို ချိတ်ဆက်ပြီးတော့ အဲဒီ တက္ကသိုလ်၊ ကျောင်းက Education Programme တွေကို ယူဆောင်လာပြီးတော့ အဲဒီတက္ကသိုလ်ကပေးတဲ့ ဘွဲ့တွေကိုလည်း ပေးတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ MIC ကို တင်ပြလာတဲ့အထဲမှာ ဒေါက်တာဘွဲ့ ပေးတာကိုတော့ မတွေ့ရှိရသေးပါဘူးခင်ဗျား။

အဓိက ကတော့ ကျွန်တော်တို့ စိစစ်တဲ့အခါမှာ Global Foreign Degree တွေကိုပေးတဲ့ ဟိုဘက်က နိုင်ငံတကာကျောင်းတွေက အဆင့်လို ဟိုဘက်နိုင်ငံရဲ့ သက်ဆိုင်ရာအစိုးရများရဲ့ အသိအမှတ်ပြုတဲ့ Accredited University များသာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီ University ရဲ့ Global Rating သက်ဆိုင်ရာနိုင်ငံမှာရှိတဲ့ Rating ကို ပြန်ကြည့်လိုက်မယ် ဆိုလို့ရှိရင် Rating က အများကြီးကို မြင့်မားမှု မရှိသေးတာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့်မို့လို့ MIC ကလည်း လာလျှောက်တာကို စစ်ပြီးတော့ ဒီ Global Rating မြင့်တဲ့ ဒါမှမဟုတ် သက်ဆိုင်ရာနိုင်ငံ ဥပမာဆိုရင် UK ဆိုရင် UK နိုင်ငံမှာရှိတဲ့ Specific Rating တွေမှာ ပိုပြီးတော့ မြင့်တဲ့တက္ကသိုလ်တွေနဲ့ ချိတ်ဆက်လျှောက်ထားဖို့လည်း MIC ကနေပြီးတော့ ဆက်လက်ပြီးတော့ ညွှန်ကြားပေးလျက်ရှိပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ မုံရွာ ဝါကြိတ်စက်ရုံနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြလိုပါတယ်။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ ကုမ္ပဏီလီမိတက်အနေဖြင့် မုံရွာဝါကြိတ်စက်ရုံကို နှစ်ရှည်ငှားရမ်း၍ ဂွမ်းကပ်၊ မွေ့ယာနှင့် ဂွမ်းကပ်စောင်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုချက်တင်ပြလာခဲ့သဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၄-၃-၂၀၁၆ ရက်နေ့မှာ ခွင့်ပြုခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်မှာ တင်သွင်းခဲ့သည့် သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ ကုမ္ပဏီလီမိတက်၏ လုပ်ငန်းဆောင်ရွက်မှုများအား ရပ်ဆိုင်းသင့်ကြောင်း အရေးကြီးအဆိုနှင့် စပ်လျဉ်းပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများပါဝင်သည့် အထူးကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ၁၆-၁၁-၂၀၁၇ ရက်နေ့မှာ ဝါကြိတ်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှဖွဲ့စည်းပေးခဲ့သော အထူးကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာပါ အချက်များအပေါ် အခြေခံပြီးတော့ ၂၂-၁၂-၂၀၁၇ ရက်နေ့တွင် ကျင်းပခဲ့တဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၇/၂၀၁၇)ကြိမ်မြောက် အစည်းအဝေးမှ ငှါးရမ်းခများ ပြန်လည်ညှိနှိုင်း၍ သီးသန့်စာချုပ် ပြင်ဆင်ချုပ်ဆိုရန်နှင့် အဆိုပါကိစ္စရပ်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီသို့ တင်ပြရန် ဆုံးဖြတ်ခဲ့ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ငှါးရမ်းခနှုန်းများကို ပြင်ဆင် သတ်မှတ်၍ ပြင်ဆင်ချက်စာချုပ်(မူကြမ်း)ကို ပြုစုလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ပြင်ဆင်ချက် စာချုပ်(မူကြမ်း) ပြီးစီးပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ သဘောထားများကို ရယူပြင်ဆင်ပြီးတော့ ပြည်ထောင်စုစီးပွားရေးရာကော်မတီသို့ ဆက်လက်တင်ပြ သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့နှင့် စပ်လျဉ်းပြီးတော့ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ တပ်မတော်အစိုးရလက်ထက်မှ စတင်ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ပိုမိုဆွဲဆောင်နိုင်စေရန်နှင့် ကြီးကြပ်နိုင်စေရန် ရည်ရွယ် ပြီးတော့ ၃၀-၁၁-၁၉၈၈ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၁၀/၈၈) ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဆိုပါ ဥပဒေအရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၇-၁၂-၁၉၈၈ ရက်နေ့ပါ အမိန့် ကြော်ငြာစာအမှတ် (၁၂/၈၈)ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်အား ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါတယ်။ ထို့ကြောင့် ၄-၅-၁၉၉၄ ရက်နေ့မှ စတင်ပြီးတော့ အဆိုပါကော်မရှင်အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

၎င်းနောက်မှာ နိုင်ငံတကာတွင် ပြောင်းလဲနေတဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများအပေါ် မူတည်၍ ၂၀၁၂ ခုနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအဖြစ်လည်းကောင်း၊ ပိုမိုပြည့်စုံပြီး နိုင်ငံတကာ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစေရန်အတွက် ၂၀၁၆ ခုနှစ်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအဖြစ် လည်းကောင်း ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေများအရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို အစိုးရ၊ စီးပွားရေးအသင်းအဖွဲ့များနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကျွမ်းကျင် သူများနှင့် ပြင်ဆင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဟာ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းသည့် ဥပဒေများအရ ပေါ်ပေါက်လာတဲ့ အဖွဲ့အစည်း ဖြစ်တာ ဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုဥပဒေ ဖျက်သိမ်းမှုမပြုသရွေ့ တည်တံ့နေမှာ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၁၈)ဖြင့် ဖွဲ့စည်းခဲ့တဲ့ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကတော့ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ချက်အပေါ် မူတည်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၂ နှင့်အညီ ဖွဲ့စည်းပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနကတော့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ဦးစီးဌာနတစ်ခုဖြစ်ပြီး ၎င်းဦးစီးဌာနကပဲ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂(ဆ)အရ မြန်မာနိုင်ငံ

ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ကော်မရှင်ရုံးအဖြစ်လည်း တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာကျိန်ဆိုရေး အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး တင်သွင်းထားသည့် ပြည်သူများ ယုံကြည် အားကိုးအားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၈)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာဖြစ်ပါတယ်။

ဤအဆိုကို မဆွေးနွေးခင် ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို အသိပေး မှာကြားစရာရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်က သက်တမ်း(၂)နှစ်ကျော်သေးတယ်။ (၂)နှစ်ကျော်တဲ့ အခါမှာ ဒီအဆိုတွေ၊ မေးခွန်းတွေ၊ ဆွေးနွေးမယ့်ဥပဒေကြမ်းတွေ၊ ဆွေးနွေးစရာတွေ အများကြီး ကျော်တယ်။ အဲဒီလို ဆွေးနွေးတဲ့နေရာမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက ဥပဒေပြုတဲ့ လူတွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဥပဒေပါပြဋ္ဌာန်းချက်တွေကို လိုက်နာပြီးဆွေးနွေးစေချင်ပါတယ်။ မနေ့က ဆွေးနွေးသွားတဲ့ဟာမှာ ကြည့်လိုက်ရင် ဥပဒေနှင့်မညီဘဲ ဆွေးနွေးတာတွေလည်းရှိခဲ့ပါတယ်။ အကုန်လုံးသာ လျှောက်ပြီးတားနေရရင်လည်း အလုပ်မဖြစ်ပါဘူး။

ကျွန်တော်တို့ ဒီ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၉(င)မှာ အဆိုတစ်ရပ်ကို ဆွေးနွေးရာတွင် ပြောဆိုချက်များသည် လွှတ်တော်တွင် ဆွေးနွေးဆဲ အဆိုနှင့်သာ အတိအကျ သက်ဆိုင် စေရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကို ကျွန်တော်တို့ ဆွေးနွေးတဲ့အခါမှာ လိုက်နာရမှာ ဖြစ်ပါတယ်။ အခု ဆွေးနွေးတဲ့အဆိုက ဘာလဲ။ အဲဒီ ဆွေးနွေးတဲ့အဆိုနဲ့ အတိအကျ အခု ဒါ ဥပဒေဆိုတာက ကျွန်တော်တို့ အပေါ်ယံတင် ဖတ်လို့မရပါဘူး။ တိတိကျကျ ဖတ်ရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဆွေးနွေး မယ့်အဆိုနဲ့ သက်ဆိုင်စေရမည်ဆိုရင်တော့ ကျွန်တော်တို့ အပိုစာသားတွေ ထည့်ဆွေးနွေးလို့ရတယ်။ အခု ဥပဒေမှာ ပြဋ္ဌာန်းထားတာ ဆွေးနွေးတဲ့အဆိုနှင့်သာ အတိအကျ သက်ဆိုင်စေရမည်လို့ အတိအကျ ပြဋ္ဌာန်းထားတယ်။ အတိအကျ ပြဋ္ဌာန်းထားတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ အပို စာသားတွေ ထည့်စရာအကြောင်းမရှိဘူး။ လျှောက်ဆွေးနွေးလို့ မရဘူး။ ဒါလေးကို ကျွန်တော်တို့ လိုက်နာစေချင်တယ်။ ဒါ ကျွန်တော်တို့ သက်တမ်း(၃)နှစ်ရှိပြီ။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေလည်း ဥပဒေတွေ တော်တော် နားလည်နေပြီ၊ လိုက်နာနေပြီထင်လို့လည်း ဒီလိုနေတာ။ မနေ့က ဆွေးနွေးချက် ကြည့်လိုက်တဲ့အခါ ကျတော့ အဓိက အဆိုရဲ့ ဆိုလိုရင်းကိုမရောက်ဘဲနဲ့ ဆွေးနွေးတာတွေ အများကြီး တွေ့ရတယ်။ အဲဒါ

ကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ဆွေးနွေးလို့ရှိရင် ကိုယ်ဆွေးနွေးမယ့် အဆိုကို သေချာလေ့လာပါ။ ဆွေးနွေးတော့မယ်ဆိုရင် သေချာပြုစုပါ။ ဒီလောက် ပြောလာပြီးတော့ ဒီက ဥက္ကဋ္ဌကနေပြီးတော့မှ ဟန့်တားလိုက်လို့ရှိရင် သူတို့ပြင်ဆင်လာတဲ့ဟာတွေ အကိုးအကားပြုလာတဲ့ဟာတွေကလည်း ရှိပါတယ်။ သူတို့က ပြင်ဆင်လာတယ်။ ဟန့်တားလိုက်လို့ သူဖြတ်ထားလိုက်ရပြီဆိုရင် နောက်တစ်ခါ ဆွေးနွေးဖို့ကျ ကပေါက်ချိကပေါက်ချာ ဖြစ်သွားရတဲ့ အနေအထားတွေဖြစ်တယ်။ ဒီလိုလည်း ကျွန်တော် မဖြစ်စေချင်ဘူး။

ဒါကြောင့်မို့လို့ အစကတည်းက အသေအချာ ကိုယ်ဆွေးနွေးမယ့်အဆိုကို ဘာတွေဆိုလိုလဲကို အတိအကျလေ့လာပါ။ ဆွေးနွေးမယ့်အချက်တွေကို အကျအနလေ့လာပါ။ လေ့လာပြီးတော့မှ အခုနက အတိအကျ သက်ဆိုင်တဲ့ အချက်တွေကိုပဲ ဆွေးနွေး စေချင်ပါတယ်။ ဒါအခု ကျွန်တော်တို့ သာဓကနဲ့ ပြောမယ်ဆိုရင် အခုဆွေးနွေးမယ့်အဆိုမှာ ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး ဆိုတာ ရှိပါတယ်။ ဒီမှာ ကဏ္ဍအများကြီး ပါ ပါတယ်။ အခု ကျွန်တော်တို့ အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ဆိုလည်း ရှေ့နေတစ်ဦးဖြစ်တယ်။ ဒါ သူ့အတွေ့အကြုံအရ သူဖြစ်တာတွေ အတိအကျ ဖြစ်စေချင်တာလို့ သဘောရပါတယ်။ ဆိုတော့ အခုဆိုရင် ကျွန်တော်တို့ ကျမ်းကျိန်ခိုင်းတာ တရားသူကြီးတစ်ယောက်တည်း မဟုတ်ပါဘူး။ အမှုသည်တွေ၊ သက်သေတွေ ပါ ပါတယ်။ နောက်တစ်ခါ ကျမ်းကျိန်တဲ့အခါမှာလည်း တိကျလေးနက်စွာ ကျိန်ဆိုရေး ဆိုတဲ့အချက် ပါ ပါတယ်။ ဒါတွေ ကျွန်တော်တို့ ဒါ သေချာလေ့လာရမှာ ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ တစ်ဖက်က ကျွန်တော်တို့ ကိုယ်စားလှယ်ကြီး ဦးထိန်ဝင်း ပြောသွားတဲ့အထဲမှာ ဒီအမှုကို အမှန်အကန် အစစ်ခံပါမည်။ မမှန်မကန်အစစ်ခံရပါက ကျမ်းစာတွင် ပါရှိသော ကျိန်စာများသင့်ပါစေ။ အမှန်အကန်ထွက်ဆိုပါက ကျမ်းစာတွင်ပါရှိသော ကောင်းကျိုး ချမ်းသာများ ခံစားရပါစေ။ ဒီလို ကျိန်ကြတယ်။ ဒါပေမဲ့ အဲဒီလို အတိအကျ ကျိန်တာက ဒါ ကျွန်တော်လည်း ရှေ့နေလုပ်သက် အနှစ်(၄၀)လုပ်တာမှာ အများကြီး ကြုံဖူးတယ်။ အဲဒါတွေ ကျိန်တာ အရမ်းနည်းတယ်။ လွယ်လွယ်ကူကူပဲ နဂိုတုန်းကဆို တရားသူကြီးတစ်ယောက် တရားရုံးတစ်ရုံးကို ပြောင်းလာပြီဆိုရင် တအားတိတိကျကျလုပ်တယ်။ နောက်ပိုင်းကျ ရှေ့နေတွေကလည်း ကိုယ့်အမှုသည် ကိုယ်ကျမ်းထုပ်ကိုင်ခိုင်းပြီး ကျိန်ခိုင်းတာ။ ကျိန်ခိုင်းတဲ့အခါကျတော့ ခုနလို ကျမ်းကျိန်တာ မဟုတ်တော့ဘဲ ဤအမှုကို အမှန်အကန်ထွက်ဆိုပါမည်ဟု ကတိသစ္စာပြုပါသည်။ ဒါပဲ။ ကျမ်းကျိန်တာ မဟုတ်တော့ဘူး။ ဒါက ရာခိုင်နှုန်းအများကြီးပဲ။ ခုနက ကိုယ်စားလှယ်ကြီး ဦးထိန်ဝင်း ပြောသွားတဲ့အချက်က အဲဒီလို ကျိန်တာ အတော်နည်းတယ်။ ဒါက ကျွန်တော်လည်း ကျွန်တော့် အတွေ့အကြုံအရပေါ့။

ဒါကြောင့် အခု ဒီမှာ ဒါ အဆိုရှင်ကရေးတာ တိကျလေးနက်စွာ ကျိန်ဆိုရေး ဆိုတာ သူလည်း သူ့ရဲ့ ရှေ့နေအတွေ့အကြုံအရ ကျမ်းကျိန်တာတွေက ပေါ့ပေါ့တန်တန် လုပ်နေလို့ ဒါ ထည့်သွင်းခြင်း ဖြစ်တယ်လို့ ဒီလို ယူဆတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမ်းကျိန်တာကို အတိအကျ၊ အလေးအနက် မကျိန်တဲ့အခါကျတော့ သက်သေတွေ၊ အမှုသည်တွေက လိမ်ထွက်ဆိုဖို့က ဝန်မလေးတော့ဘူး။ ပိုက်ဆံတတ်နိုင်တဲ့အမှုသည်က သက်သေတွေကို ပိုက်ဆံပေး ဖြတ်လိုက်မယ်။ ကျွန်တော်တို့ ကျမ်းကျိန်တာကလည်း ခုနလို ပေါ့ပေါ့တန်တန်ဖြစ်တော့ လွယ်လွယ်ကူကူပဲ လိမ်လည်ထွက်ဆိုမယ်။ ဒါကြောင့်မို့လို့

တရားစီရင်ရေးက မမှန်ကန်နိုင်တော့ဘူး။ ဒါကို အဆိုရှင်က ရည်ရွယ်တယ်လို့ပဲ ကျွန်တော် ခံယူတယ်။ ဒါကြောင့်မို့လို့ ကိုယ်ဆွေးနွေးတဲ့အခါမှာ ဒါကို တိတိကျကျ ဆွေးနွေးစေချင်တယ်။

အခု မနေ့က ဆွေးနွေးတာတွေဆိုရင် တိကျလေးနက်စွာ ကျိန်ဆိုရေးဆိုတာလည်း တစ်ခုမှ မပါဘူး။ အဓိက က တရားသူကြီးတွေ ကျိန်ဆိုဖို့ပဲ။ ကျိန်ဆိုတာတောင် တိကျလေးနက်တာမပါဘူး။ ကျိန်ဆိုဖို့ပဲ ဆွေးနွေးတာတွေ တွေ့နေရတယ်။ အဆိုကို ပြည့်စုံစွာ ဆွေးနွေးနိုင်တာကို မတွေ့ရဘူး။ အဲဒီကြားထဲမှာ တစ်ခါ မဆိုင်တဲ့အချက်တွေလည်း ပါလာတာတွေ တွေ့ရတယ်။ အဲဒါကြောင့် နောက်နောင် ဆွေးနွေးတဲ့အခါမှာ ကိုယ်ဆွေးနွေးမယ့်အဆိုကို သေချာလေ့လာပါ။ ခုနက ကျွန်တော်တို့ ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း ဆွေးနွေးတဲ့အဆိုနှင့်သာ အတိအကျသက်ဆိုင်စေရမည်ဆိုတဲ့ ဥပဒေပြဋ္ဌာန်းချက်ကို လိုက်နာဆွေးနွေးကြဖို့ ကျွန်တော် အသိပေးမှာကြားလိုပါတယ်။

ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၄။**

**ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါရှင်။ ကျွန်မက ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး တင်သွင်းတဲ့အဆိုကို ထောက်ခံ အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ Power Point အသုံးပြုခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်ရှင်။

ဦးစိုးမိုး ရဲ့ အဆိုကို လေ့လာတဲ့အခါမှာ အပိုင်း(၃)ပိုင်းပါတာ တွေ့ရပါတယ်။ ဒါကတော့ ပြည်သူများ ယုံကြည်ကိုးစား အားထားစေရန်နှင့် ဖြောင့်မတ်မှန်ကန်မျှတတဲ့ တရားစီရင်ရေး ဖြစ်ထွန်းစေရန်ဆိုတဲ့ (၂)ပိုင်းဖြစ်ပြီးတော့ တတိယကတော့ တရားသူကြီး၊ အမှုသည်နှင့် သက်သေများ၊ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေးဆိုတဲ့ အပိုင်းပဲဖြစ်ပါတယ်။ ရှေးယခင်က ပြည်သူတွေဟာ တရားရုံးကို ယုံကြည်အားကိုးကြပြီးတော့ တရားသူကြီးများကို ရိုသေလေးစားကြပါတယ်။ အဲဒီလို ဖြစ်ရတဲ့အကြောင်းအရင်းက ရှေးတရားသူကြီးတွေဟာ ပညာအရာမှာ ပြည့်စုံခြင်း၊ လေ့လာမှုအားကောင်းခြင်း၊ ဖြောင့်မတ်တည်ကြည်ခြင်းနှင့် အကျင့်သိက္ခာနှင့် ပြည့်စုံကြတဲ့အတွက် ဖြစ်ပါတယ်ရှင်။ မနုဝဏ္ဏနာဓမ္မသတ်မှာ တရားသူကြီးဂုဏ်အင်္ဂါ(၁၂)ပါးကို Power Point မှာ ပြထားတဲ့အတိုင်း ဖော်ပြထားပါတယ်ရှင်။ တရားသူကြီးများဟာ ကတိသစ္စာတည်ကြည်တဲ့သူတွေ၊ တရားဥပဒေ ပြုကျင့်တဲ့သူတွေ၊ တရားဥပဒေကျွမ်းကျင်သူနဲ့ လူ့ဂုဏ်သိက္ခာထိန်းသိမ်းသူ၊ အကျင့်သီလစင်ကြယ်သူ၊ မှန်ကန်စွာ စကားပြောကြားတတ်သူဖြစ်၍ ပြည်သူများ စံပြုထိုက်သူများဖြစ်ရပါမယ်။ တရားစီရင်ရာမှာလည်း တရားသစ္စာ တည်ကြည်ကြသူများဖြစ်ပြီးတော့ ဘယ်သူ့ကိုမှ ကြောက်လန့်နေခြင်းမရှိ တရားဥပဒေနှင့်အညီ အမှန်ကို စစ်ဆေးစီရင်ရဲသူများလည်း ဖြစ်ရပါတယ်ရှင်။

တရားသူကြီးများဟာ အဂတိကိုလိုက်စားခြင်း မပြုရဘူးလို့ ရှေးဓမ္မသတ်၊ ရာဇသတ်တွေမှာ အတိအကျ ပြဋ္ဌာန်းထားပါတယ်။ မနုကျယ်ဓမ္မသတ် ဆဋ္ဌမတွဲ အပိုဒ် ၁၃ မှာ တရားသူကြီး မမည်တဲ့ တရားသူကြီး(၇)ယောက်ကို သတ်မှတ်ထားတာကို ကျွန်မတို့ တွေ့ရပါတယ်။ အဲဒီ (၇)ယောက်ဟာ ဆန္ဒာ၊ ဒေါသာ၊ ဘယာ၊ မောဟာလိုက်ပြီး စီရင်တဲ့အတွက် တရားသူကြီး မမည်ဘူးလို့ဆိုပါတယ်။ နိုင်ငံတော်မှာ မဏ္ဍိုင်ကြီး(၃)ရပ်ရှိပြီးတော့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့

ဖြစ်ပြီးတော့ ကျွန်မတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁(က)မှာလည်း အာဏာ(၃)ရပ်ဟာ သီးခြား ကျင့်သုံးရုံမက အချင်းချင်းလည်း အပြန်အလှန်ထိန်းကျောင်းရမယ်လို့ ဆိုထားပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ တရားစီရင်ရေးစနစ်က ၁၉၆၂ ခုနှစ်မတိုင်ခင်က စံပြုထိုက်တဲ့ တရားစီရင်ရေးလောကဖြစ်သော်လည်းပဲ နောက်ပိုင်းမှာ အုပ်ချုပ်ရေးအာဏာက တရားစီရင်ရေးအာဏာကို ဝင်ရောက်စွက်ဖက်လာခြင်း၊ လွှမ်းမိုးလာခြင်းတို့ကြောင့် တရားသူကြီးတွေဟာ ဥပဒေနှင့်အညီ လွတ်လပ်စွာ မဆုံးဖြတ်ရဲခြင်း၊ အရာရာကို ကြောက်လန့်နေရခြင်း၊ အဂတိတရား မကင်းခြင်းတို့ များလာတဲ့အခါမှာ တရားစီရင်ရေး မဏ္ဍိုင် ယိုင်နဲ့လာပြီး တဖြည်းဖြည်းနှင့် ဆယ်စုနှစ်များစွာ တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်း လာတာနှင့်အညီ ပြည်သူတွေက တရားရုံးများ၊ တရားသူကြီးများအပေါ် ယုံကြည်မှု ကင်းမဲ့လာကြပါ တယ်ရှင်။

တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်းလာတာနှင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်လာစေပါတယ်။ တရားဥပဒေစိုးမိုးမှုရှိမှ နိုင်ငံတော်ဟာ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မှာ ဖြစ်ပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်ကို တည့်မတ်အောင် ထိန်းကျောင်းပေးဖို့ တာဝန်ရှိတဲ့သူတွေကတော့ ပြည်သူ တွေရဲ့ အငြင်းပွားမှုကို နေ့စဉ်ဖြေရှင်းပေးနေရတဲ့ တရားသူကြီးတွေသာ ဖြစ်ပါတယ်။ မိမိကိုယ်တိုင် သမာသမတ်ရှိရမယ့်အပြင် အဂတိတရား ကင်းစွာနှင့် အမှန်တရားကို စစ်ဆေးပြီးဖြစ်ကြောင်း ပြည်သူ များက ယုံကြည်လာစေရန် ပြုမူဆောင်ရွက်ဖို့လိုအပ်ပါတယ်။ တရားစီရင်ရာမှာ အမှန်ကို ဆုံးဖြတ်ရုံ သာမက ထိုသို့ အမှန်တရားကိုစီရင်ကြောင်း အများမြင်စေရတယ်ဆိုတဲ့ တရားသူကြီးများ လိုက်နာ ရမယ့် စီရင်ထုံး လမ်းညွှန်များလည်း ရှိခဲ့ပါတယ်။

အခုအချိန်မှာ တရားရုံးတွေမှာ အမှုစစ်ဆေးစီရင်တဲ့အခါ တရားခွင်မှာ တရားသူကြီးများ မရှိဘဲ တရားခွင်စာရေးနဲ့ပဲ အမှုသည်တွေ၊ နှစ်ဖက်ရှေ့နေတွေက စစ်ဆေးနေကြပြီးတော့ တရားသူကြီး တွေက တခြားအနားယူတဲ့အခန်းမှာ အနားယူနေတာ၊ အခြားသူတွေနဲ့ စကားပြောဆိုနေတာ တရားခွင်မှာ အငြင်းပွားမှုဖြစ်လာတဲ့အခါမှ လာရောက်ဆုံးဖြတ်ပေးတဲ့ အနေအထားတွေလည်း မကြာခဏ မြင်တွေ့ နေကြရပါတယ်။ ပြည်သူတွေအဖို့ တရားရုံးအပေါ်မှာ အရိုအသေတန်ခြင်းကိုလည်း ဖြစ်စေခဲ့ပါတယ်။ ကျမ်းသစ္စာကျိန်ဆိုခြင်း အက်ဥပဒေနှင့် တရားရုံးများလက်စွဲတို့မှာ တရားစီရင်တဲ့အခါ ကျမ်းထုပ် ကိုင်ပြီး ကျမ်းသစ္စာကျိန်ဆိုခြင်းနဲ့ ပတ်သက်ပြီးတော့ အတိအကျ ပြဋ္ဌာန်းထားပါတယ်။ သို့သော် လက်တွေ့ တရားခွင်မှာ အမှုသည်တွေနှင့် သက်သေများ ကျမ်းကျိန်ဆိုဖို့အတွက် အမှုမှာ မှန်ကန်စွာ ထွက်ဆိုပါမယ်။ မှန်ကန်ခြင်းမရှိက ကျမ်းစူးပါစေ။ မှန်ကန်စွာ ထွက်ဆိုပါက ကျမ်းတွင်ပါသော အကျိုးများ ခံစားရပါစေဆိုတဲ့ စာသားကိုပဲ ကွန်ပျူတာနဲ့ရိုက်နှိပ်ပြီးတော့ အဲဒီစာသားတွေကိုပဲ ရွတ်ဆို ခိုင်းပြီးတော့ အမှုစစ်ဆေးနေတာ တွေ့ရပါတယ်။ ရုံးကို သက်သေအဖြစ် လာရောက်ထွက်ဆိုကြတဲ့ ရဲနှင့် ဝန်ထမ်းတွေကလည်းပဲ ကျမ်းထုပ်တောင်မကိုင်တော့ဘဲနဲ့ မှန်ကန်စွာထွက်ဆိုပါမယ်ဆိုတဲ့ စကားရပ် လောက်ကိုသာ ရွတ်ဆိုပြီး အမှုစစ်ဆေးခြင်းကို ပြုလုပ်နေကြတာဟာ အစဉ်အလာတစ်ခုလို ဖြစ်နေ ပါတယ်။ မှားယွင်းတဲ့ လုပ်ရပ်တစ်ခုကို ကြာရှည်စွာ ကျင့်သုံးလာတဲ့အခါမှာ အမှန်လို့ ထင်လာကြ ပါတယ်။ ကျမ်းပါအတိုင်း တိတိကျကျ ကျမ်းကျိန်ဆိုစေဖို့အတွက် ကျွန်မတို့ ပြန်လည်ထိန်းကျောင်းဖို့ လိုအပ်နေပြီဖြစ်ပါတယ်ရှင်။

တရားရုံးများလက်စွဲဆိုတာ တရားစီရင်ရေးမှာ တရားသူကြီးအပါအဝင် အစိုးရရှေ့နေ၊ အမှုသည်များ၊ သက်သေများနှင့် ရှေ့နေများ လိုက်နာရန် ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ အဲဒီ တရားရုံးများလက်စွဲမှာ လမ်းညွှန်ချက်တွေကို တရားစီရင်ရေးနဲ့ ပတ်သက်တဲ့သူတွေအားလုံး လိုက်နာကြရမှာ ဖြစ်ပါတယ်။ တရားသူကြီးများဟာ အဂတိမလိုက်စားဘဲ တရားစီရင်ရန် တာဝန်ယူ သစ္စာပြုထားကြရသူများ ဖြစ်ပါတယ်။ မှန်ကန်မျှတစွာ အဂတိမလိုက်စားဘဲ တရားသူကြီးများက တရားစီရင်ကြမှ ပြည်သူအများက တရားစီရင်ရေးစနစ်ကို အားကိုးယုံကြည်ကြမယ်။ အဲဒီလို ပြည်သူတို့ အားကိုးယုံကြည်သော တရားစီရင်ရေးစနစ်ထွန်းကားမှ ပြည်သူအချင်းချင်း မှုခင်းပဋိပက္ခဖြစ်ကြရင် အေးချမ်းစွာ ဖြေရှင်းနိုင်ကြမယ်။ တရားရုံးများအနေနဲ့ မြို့ပြရပ်ရွာများရဲ့ စည်းလုံးညီညွတ်ရေးကို ကူညီထိန်းသိမ်းနိုင်ကြမယ်လို့ ဦးအေးသွင် နဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးအမှုမှာ လည်းပဲ လမ်းညွှန်ထားရှိတာကို လေ့လာတွေ့ရှိရပါတယ်ရှင်။

ကျမ်းသစ္စာကျိန်ဆိုပြီးတော့ အမှုစစ်ဆေးစီရင်တဲ့နေရာမှာ အမှန်တရားကို ပိုမိုရရှိနိုင်မယ်လို့ ပြည်သူတွေက ယုံကြည်ထားကြပါတယ်ရှင်။ ကျမ်းသစ္စာကျိန်ဆိုခြင်း အက်ဥပဒေ ပုဒ်မ ၅ နှင့် တရားရုံးများလက်စွဲမှာ တရားသူကြီးများ ကျမ်းကျိန်ဆိုရန် ပြဋ္ဌာန်းထားခြင်းမရှိဟုဆိုသော်လည်းပဲ တရားသူကြီးများ ကျမ်းမကျိန်ဆိုရလို့ တားမြစ်ထားခြင်းလည်း မရှိပါဘူး။ ဂျူရီလူကြီးများဆိုတာဟာ တရားစစ်ဆေးစီရင်ရာမှာ ပါဝင်ဆောင်ရွက်ဖို့ ပြည်သူများဘက်က ရွေးချယ်လိုက်တဲ့ ပြည်သူ့တရားသူကြီးများပဲ ဖြစ်ပါတယ်။ ယင်းကျမ်းသစ္စာကျိန်ဆိုခြင်း အက်ဥပဒေမှာ ဂျူရီလူကြီးများ ကျမ်းကျိန်ဆိုရန် သတ်မှတ်ပြဋ္ဌာန်းထားခြင်းကလည်း သူတို့အနေနဲ့ အမှုကိုစဉ်းစားဆုံးဖြတ်ရာမှာ အဂတိကင်းကင်းနဲ့ ဆောင်ရွက်နိုင်ဖို့ အတွက် ဖြစ်ပါတယ်။

ယနေ့ခေတ်မှာတော့ တရားသူကြီးတွေအနေနဲ့ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နဲ့ တရားသူကြီးများကသာ သူတို့ကို ခန့်အပ်စဉ်မှာ တစ်ကြိမ်တည်းသာ လွှတ်တော်မှာ ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြပြီးလျှင် ကျန်တဲ့အမှုများကို စီရင်နေတဲ့ တိုင်းဒေသကြီး၊ ခရိုင်တွင် ကျွန်မတို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် တရားသူကြီးတွေကတော့ ကျမ်းသစ္စာ ကျိန်ဆိုထားကြသူများ မဟုတ်တဲ့ အတွက် သူတို့အနေနဲ့လည်း တာဝန်၊ ဝတ္တရား ထမ်းဆောင်တဲ့နေရာမှာ အဂတိတရား ကင်းရှင်းစွာနဲ့ ဆောင်ရွက်မယ့်သူများ ဖြစ်တဲ့အကြောင်း ပြည်သူများ ယုံကြည်ကိုးစားမှု ရှိဖို့အတွက် ကျမ်းကျိန်ဆိုဖို့ အမှန်ပဲလိုအပ်ပါတယ်ရှင်။

တရားသူကြီးများ ကျမ်းကျိန်ဆိုခြင်းနဲ့ ပတ်သက်ပြီးတော့ နမူနာအဖြစ်ကတော့ ၁၉၅၉ ခုနှစ်၊ တပ်မတော်ဥပဒေပုဒ်မ ၁၃၄၊ အပိုဒ် ၁ မှာ စစ်တရားရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမှုတစ်ခု စတင်လက်ခံပြီး ရှေ့နေများနှင့် သက်သေများကို အမှုစစ်ဆေးခြင်း မစတင်မီ ကျမ်းသစ္စာကျိန်ဆိုရမယ်လို့ ပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ အခု ကျွန်မတို့နိုင်ငံမှာ စနစ်သစ်နဲ့ နိုင်ငံတော်ကို တည်ဆောက်နေတဲ့အချိန်မှာ တရားစီရင်ရေးစနစ်နှင့် တရားသူကြီးများအပေါ်မှာ ယုံကြည်ကိုးစားမှု လျော့နည်းနေတဲ့အချိန်မှာ တရားစီရင်ရေးစနစ် ပြန်လည်အားကောင်းလာစေဖို့နဲ့ ပြည်သူအများ ယုံကြည်ကိုးစား ++++++++++++++++

**ဥက္ကဋ္ဌ**။ 　။ မြန်မြန်လေး နိဂုံးချုပ်လိုက်ပါ။ အချိန်ပြည့်သွားပြီ။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ 　။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၂။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ 　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးလှဆန်း မှ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး ၏ ပြည်သူများ ယုံကြည်ကိုးစား အားထားပြီးတော့ ဖြောင့်မတ်မှန်ကန် မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့်သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး အဆိုကို ကျွန်တော့်အနေဖြင့် ကျိုးကြောင်းပြ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျမ်းကျိန်တယ် ဆိုတဲ့အဓိပ္ပာယ်ကို သိချင်လို့ မြန်မာ့အဘိဓာန်မှာ အဖြေရှာကြည့်တော့ ကျိန်စာကို တိုင်တည်၍ ကျိန်ဆိုသည်ဟု ဆိုပါတယ်။ ကျိန်စာဆိုတာက မည်သို့ပြုလျှင် မည်သို့ဖြစ်ပါစေဟု ကျိန်ထားသောစကားဟု ဆိုထားပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေ ငါမဟုတ်တာ မလုပ်ဘူးကွာ။ ဘုရားစူး မိုးကြိုးပစ်ပါစေဆိုတာလို လွယ်လွယ်ကျိန်တတ်ကြပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျမ်းဆိုတာက သက်မဲ့ပစ္စည်းပါ။ သက်မဲ့ကျမ်းကို ကျိန်ဆိုမည့်သူတွေက တရားသူကြီးများရယ်၊ သက်သေထွက်ဆိုမည့်သူများရယ်၊ အမှုသည်များရယ်က သက်ရှိလူသားတွေပါ။ သက်မဲ့ကို သက်ရှိက ဘာဖြစ်လို့ စိုးရိမ်ကြောက်ရွံ့ နေရတာလဲ။ ဒါကြောင့် သက်ရှိလူသားများ ကျမ်းကျိန်ရမယ့်အဖြစ်ကို ပထမအကြိမ်လွှတ်တော်မှာ မှတ်တမ်းအဖြစ် ထားခဲ့ရတာလည်း စဉ်းစားစရာဖြစ်ပါတယ်။ သက်ရှိဖြစ်တဲ့ မျက်စိမမြင်ရသော သူ့ရဲ့ရှေ့မှာ ကိုယ်မဟုတ်တာ လုပ်တာကို မြင်များ မြင်ရလေမလား စိုးရိမ်ကြောင့်ကြတယ်ဆိုတာက သက်ရှိလူချင်းဖြစ်လို့ ကြောက်ချင်ကြောက်နိုင်ပါသေးတယ်။ ကိုယ်က ဘာမှအမှားမလုပ်ဘူး။ အဂတိတရား လေးပါး ကင်းရှင်းတယ်ဆို ကျမ်းထုပ်(၁၀)ထုပ် ကိုင်ပြီးလည်း ဆိုရဲတာ ခဲယဉ်းမယ် မထင်ပါဘူး။ အဲဒီမှာ ရှေ့နေ၊ ဥပဒေဝန်ထမ်းများဖြစ်သော ဥပဒေပညာရှင်များသည်လည်း ဘာဖြစ်လို့ ကျမ်းကျိန်ဆိုမှုမှာ မပါသလဲ ဆိုတော့ ဥပဒေပြဋ္ဌာန်းထားခြင်းမရှိလို့ဟု ယူဆရမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ The Oaths Act ဥပဒေမှာ အမှုသည်များ၊ သက်သေများ၊ ဂျူရီလူကြီးများ ဂျူရီလူကြီး ဆိုတာကလည်း တရားသူကြီး တင်ပြမှုကို ပြစ်မှုမြောက်၊ မမြောက် အဆုံးအဖြတ်ပေးတဲ့သူများကို ဆိုလိုပါတယ်။ ကျမ်းသစ္စာ ကျိန်ဆိုဖို့အတွက် ပြဋ္ဌာန်းထားပါတယ်။ တရားရုံးများ လက်စွဲအပိုဒ် (၇၃)ကနေ (၇၅)အထိမှာလည်း သက်သေများ၊ ဂျူရီလူကြီးများ ကျမ်းသစ္စာကျိန်ဆိုရေး၊ ကတိသစ္စာပြုရေးတို့နှင့် စပ်လျဉ်းပြီးတော့ ပြဋ္ဌာန်းထားချက်များ ရှိပါတယ်။ သက်သေများ ကျမ်းကျိန်ဆိုတဲ့နေရာမှာ ဘာသာဝင်အသီးသီးအတွက် လိုက်နာရမယ့်နမူနာပုံစံ၊ ကျမ်းသစ္စာကျိန်ဆိုတဲ့ ပုံစံများကိုလည်း ဖော်ပြထားကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဘာသာရေး ဆိုရေး

အဆက်အစပ် ပြောဆိုဆွေးနွေးလိုတာက The Oaths Act ဥပဒေ၊ တရားရုံးများလက်စွဲဥပဒေ ပြဋ္ဌာန်းသည်မှာ နှစ်ပေါင်း(၁၀၀)ကျော်ခန့်လောက်ပဲ ရှိပါသေးတယ်။ ဗုဒ္ဓ၏ ဆိုဆုံးမမှု ဥပဒေမှာ ဆန္ဒာ၊ ဒေါသာ၊ ဘယာ၊ မောဟာ၊ ကတိတွေ၊ အဂတိတွေ ဖြစ်လာမှာစိုးရိမ်လို့ ဟောပြောပြဋ္ဌာန်းခဲ့တာ နှစ်ပေါင်း (၂၅၆၀)အချိန်ကာလရှိပါပြီ။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်မျှတသည့် လမ်းကြောင်းဖြစ်ပေါ်စေဖို့ရာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးရပ်မှာ အတိတ်က အဖြစ်အပျက်များ ကောင်းသည်ကို စံပြုနမူနာယူ၊ မကောင်းတာများကို ဖယ်ထုတ်ပြီး ယနေ့ ပစ္စုပ္ပန်ကာလ ကောင်းသည်ထက်ကောင်းအောင် စုပေါင်းဆောင်ရွက်ကြမှသာ အနာဂတ်အတွက် တရားစီရင်ရေးလမ်းကြောင်း ဖြောင့်မတ်မှန်ကန်မျှတသည့် သမိုင်းအမွေကောင်းများဖြင့် လျှောက်လှမ်းနိုင်မှာ ဖြစ်ပါလိမ့်မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လွတ်လပ်ရေးရပြီးတော့ ဖ.ဆ.ပ.လ ခေတ်မှာ အမှုသည်တွေ၊ သက်သေတွေ မမှန်မကန် ထွက်ဆိုရာမှာကို ကျမ်းကျိန်ပြီး ထွက်ဆိုရမှာဖြစ်လို့ တော်တော်ကြောက်ရွံ့ကြကြောင်း၊ ကျမ်းစူးမှာစိုးလို့ဆိုပြီး အမှန်တရားသာ ထွက်ဆိုမှုများခဲ့ကြကြောင်းကို ကျွန်တော်တို့ မိဘများမှ ပြန်လည်ပြောပြခဲ့ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းသည့်ခေတ်၊ ကျန်းမာရေးအသိ အားနည်းခဲ့သည့်ခေတ်ဖြစ်ခဲ့လို့ မိသားစုအဆက်ဆက် မျက်စိရေတိမ်ရောဂါကြောင့် မျိုးရိုးဗီဇမျက်စိရောဂါရပြီး မမြင်ကြရတာကိုပင် ကျမ်းကျိန်ခဲ့ဖူးလို့ ကျမ်းစူးတာများလားဆိုပြီး သို့လောသို့လောတွေးတောကြောက်ရွံ့ခဲ့ကြပါတယ်။ မမှန်တာ ပြောရမှာကို ကြောက်ရွံ့စိုးရိမ်တဲ့ခေတ်ပါ။

တရားသူကြီးများ၊ ဥပဒေပညာရှင်၊ ရှေ့နေကြီးများကလည်း သီလဂုဏ်၊ သမာဓိဂုဏ် ဂုဏ်သိက္ခာရှိစွာဖြင့် တရားရေးမဏ္ဍိုင်မှာ စီမံဆောင်ရွက်ခဲ့ကြလို့ ကြည်ညိုလေးစားခဲ့တဲ့ ပုဂ္ဂိုလ်များစာရင်းဝင်ပါ။ တရားသူကြီးများ ကျမ်းကျိန်စရာတောင် မလိုတဲ့ခေတ်လို့ ပြောရမှာဖြစ်ပါတယ်။ မိမိကိုယ်တိုင် တွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်သော အစိုးရအချိန်ကာလမှာ ပြည်သူထဲက ပြည်သူတွေ ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့တရားသူကြီးများ သုံးပါးထိုင်ခေတ်မှာလည်း တရားရေးမဏ္ဍိုင် စိုးရိမ်စရာအခြေအနေဖြစ်အောင် မယိမ်းယိုင်သေးပါဘူး။ လက်တွေ့သာဓကအနေနဲ့ ကျွန်တော့် မဲဆန္ဒနယ်မြေ မကွေးမြို့မှာ မြို့နယ်တရားသူကြီး ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ခဲ့သူဟာ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ (၁၄)နှစ်တိုင်တိုင် အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်နိုင်ခဲ့လို့ သီလဂုဏ်၊ သမာဓိဂုဏ် ပြည့်စုံခဲ့လို့ တရားသူကြီးမလုပ်တော့တဲ့ အချိန်မှာလည်း အများကြည်ညိုလေးစား ဂုဏ်ယူထိုက်တဲ့သူအဖြစ် အများပြည်သူကြားမှာ ရင်ကော့၊ ခေါင်းမော့ ရပ်တည်နေနိုင်ခဲ့ပါတယ်။

နောက် အချိန်ကာလ တဖြည်းဖြည်းနဲ့ အာဏာရှိသူများကြောင့် တရားစီရင်ရေး ယန္တရားအာဏာကိုလက်ကိုင်တုတ်လိုပဲ အသုံးပြုပြီးတော့ တရားသူကြီးများဟာ သူခိုင်းတာကိုယ်လုပ်ပေးသလိုကိုယ်လုပ်ချင်တာကိုလည်း အကာအကွယ်ယူပြီး မှားမှားမှန်မှန် လုပ်ခဲ့ကြသည့်အတွက် တရားဥပဒေစိုးမိုးမှု ပျက်သုဉ်းရာက တရားရုံးများကို အယုံအကြည်မရှိ၊ ယုံကြည်မှုပျက်သုဉ်းခဲ့ရပါတယ်။ ဒါကြောင့် ပြည်သူတွေ ဖြတ်သန်းနေရတဲ့ အတွေ့အကြုံအရ သမိုင်းမှာ ပြည်သူတွေ ခံစားခဲ့ရတဲ့ အဖြစ်အပျက်

များကို ထောက်ရှုခြင်းအားဖြင့် တရားဥပဒေစိုးမိုးမှုမရှိ၊ တရားရေးလမ်းကြောင်းများ ယိမ်းယိုင်ပျက်ယွင်းနေသည်ကို ငြင်းပယ်၍မရနိုင်ပါဘူး။ ကျွန်တော့်ရှေ့မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများကလည်း ယနေ့တရားရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်မှုမရှိကြောင်း မိမိကိုယ်တွေ့ အတွေ့အကြုံအရ တင်ပြဆွေးနွေးကြပြီးလည်း ဖြစ်ပါတယ်။

တရားရေးမဏ္ဍိုင် အဓိကဦးဆောင်သည့် တရားသူကြီးများက ကြားခံမထား၊ မိမိကိုယ်တိုင် သတ်မှတ်ပြီး တောင်းခံနေကြတော့ အမှုသည်တွေ၊ သက်သေတွေက မဟုတ်တာလုပ်ရမှာ၊ မဟုတ်တာပြောရမှာ၊ ရှက်စရာကို ရှက်စရာမှန်းတောင် မသိတော့ကြပါဘူး။ အမှန်တရားက အမှားရဲ့တစ်ရံအဖြစ် ရောက်နေပါတယ်။ နောက်ဆုံး ပြည်သူတွေစိတ်ခံစားချက်က ကိုယ့်ဖက်က ဘယ်လောက်ပင် မှန်ကန်နေပါစေ ငွေပေးမှ၊ လာဘ်ပေးမှသာလျှင် တရားနိုင်မယ်လို့အထိ ထင်မှတ်မှားနေတဲ့အဖြစ်ကို စိတ်မချမ်းသာစရာ တွေ့ကြုံရမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစိုးမိုး တင်သွင်းသော အဆို ဖြစ်သည့် ပြည်သူများ ယုံကြည်ကိုးစား အားထားပြီးတော့ ဖြောင့်မတ်မှန်ကန် မျှတသော တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာ တိကျလေးနက်စွာ ကျိန်ဆိုရေး အဆို အောင်မြင်တာနှင့် တရားစီရင်ရေးလမ်းကြောင်းအမှန် ပေါ်ပေါက်နိုင်ရဲ့လားလို့ စဉ်းစားစရာ ဖြစ်ပါတယ်။ တရားသူကြီးများကလည်း နိုင်ငံတော်သမ္မတရှေ့၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များမှာ ကတိသစ္စာပြု ကျမ်းကျိန်ကြမယ်။ ကတိသစ္စာ မပြုရသေးသော၊ ကျမ်းသစ္စာ မပြုရသေးသော မြို့နယ်၊ ခရိုင်တရားသူကြီးများ ကတိသစ္စာပြု ကျမ်းကျိန်ခိုင်းရုံနဲ့ကော ပြီးမြောက်ပြည့်စုံတဲ့ တရားရေးလမ်းကြောင်း ပေါ်ပေါက်ပါပြီးလား။ ကျွန်တော်တို့ လက်တွေ့ပြောဆို၊ ကျင့်ကြံနေတဲ့ ဘာသာတရားရဲ့ ကျောင်းတွင်းဥပုသ်စောင့်နေသလို ဖြစ်မနေဘူးလားလို့ စဉ်းစားမိပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လုံးဝဥဿုံ ပြည့်စုံသည့် တရားရေးလမ်းကြောင်း ပြန်လည်ပေါ်ပေါက်စေဖို့၊ တည့်မတ်စေဖို့ မိမိနိုင်ငံသမိုင်းကြောင်း ပြန်လည်လေ့လာသုံးသပ်ဆန်းစစ် မိမိနိုင်ငံနှင့် နိုင်ငံရေးသဘောတရား၊ သဘာဝတူညီသော နိုင်ငံများ တရားစီရင်ရေးကို နည်းနာယူပြီး တရားရေးမဏ္ဍိုင် ဖွဲ့စည်းပုံ ပြောင်းသင့်ရင် ပြောင်းရပါလိမ့်မယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့်တော့ တရားရေးလမ်းကြောင်း တည့်မတ်မှန်ကန်စေရေး ကနဦးပထမ အစခြေလှမ်းဟု ယူဆရသော ဦးစိုးမိုး တင်သွင်းသော ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန် မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေးကလည်း လိုအပ်သလို တိကျမှန်ကန် ဖြောင့်မတ်သော တရားရေးလမ်းကြောင်း ဖြစ်ပေါ်တည်ရှိလာစေရန် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် နိုင်ငံသူ၊ နိုင်ငံသားများ၊ တရားရေးလမ်းကြောင်း လက်တွေ့ဖော်ဆောင်ရွက်နေသည့် တရားသူကြီးများ၊ ဥပဒေပညာရှင်များ၊ ရှေ့နေများ၊ တရားရေးဝန်ထမ်းများ၊ ဥပဒေဝန်ထမ်းများ၊ အမှုသည်များ၊ သက်သေများ၊ ပြည်သူ့ရဲ့ဝန်ထမ်းများ အဂတိတရား လိုက်စားမှုမရှိဘဲ မိမိတာဝန် မိမိကျေပွန်အောင် ထမ်းဆောင်ကြပါစို့

ပြောကြားရင်း ဦးစိုးမိုး ရဲ့ အဆိုအား ထောက်ခံဆွေးနွေး အကြံပြုကာ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၀။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ အားလုံး မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး တင်သွင်းထားတဲ့ ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန်မျှတတဲ့ တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး အဆိုကို ဖြည့်စွက်ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လူ့ဘောင်လောကကြီးဟာ ပြဿနာကြီး၊ ငယ်တွေနဲ့ အင်မတန်မှ ရှုပ်ထွေးလှပါတယ်။ ဒါကြောင့် ပြည်သူတွေရဲ့ မလွှဲမရှောင်သာလို့ အမှုအခင်းပြုနေတဲ့ တရားရုံးကို ရောက်လာကြတဲ့အခါမှာ တရားစီရင်ရေးဟာ ဖြောင့်မတ်မှန်ကန်ဖို့ လိုပါတယ်။ တိကျဖို့ လိုပါတယ်။ ညီညွတ်မျှတဖို့လည်း လိုအပ်ပါတယ်။ ဒါမှ ပြည်သူ တွေရဲ့ ယုံကြည်ကိုးစားမှုကို ရရှိလာမှာ ဖြစ်ပါတယ်။ အဲဒီလို ပြည်သူများ ယုံကြည်ကိုးစား အားထားနိုင်တဲ့ တရားစီရင်ရေး ဖြစ်ထွန်းလာစေဖို့အတွက် အဆိုရှင်က တရားစီရင်ရေး လုပ်ဆောင်ရာမှာ တရားသူကြီး၊ အမှုသည်နှင့် သက်သေများဟာ တရားရုံးများလက်စွဲ အပိုဒ် ၇၄ အရသော်လည်းကောင်း၊ ကျမ်းသစ္စာဥပဒေပုဒ်မ ၆ အရသော်လည်းကောင်း လိုက်နာကျင့်သုံးပြီး ကျမ်းသစ္စာ ကျိန်ဆိုရန် လိုအပ်နေကြောင်းကို အဆိုပြုထားခြင်း ဖြစ်ပါတယ်။ ဒါကို ကျွန်တော် ထောက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမ်းသစ္စာကျိန်ဆိုပြီးတဲ့ တရားသူကြီးဟာ အကြောင်းအမျိုးမျိုးကြောင့် မမှန်မကန် ဆုံးဖြတ်မယ်။ အမှုသည်နှင့် သက်သေများကလည်း ကျမ်းသစ္စာကျိန်ဆိုပြီး မဟုတ်မမှန် ထွက်ဆိုကြမယ်ဆိုရင် သူတို့ ကျိန်ဆိုထားတဲ့ ကျမ်းသစ္စာမှာပါရှိတဲ့ ရရှိလာမယ့် ဆိုးကျိုးရလဒ်များဟာ အင်မတန်ပြင်းထန်ပြီး ကြောက်စရာကောင်းတဲ့အတွက် ကျမ်းစူးမည်ကို ကြောက်ကြပါတယ်။ ဒါဟာ အထိန်းအကွပ်သဖွယ် ဖြစ်တယ်လို့ အဆိုရှင်က ဆိုထားပါတယ်။ ဟုတ်ပါတယ်။ ကျမ်းသစ္စာကျိန်ဆိုမှုက မှန်ကန်တဲ့ဆုံးဖြတ်ချက်နဲ့ ထွက်ဆိုချက်တွေကို ရရှိစေဖို့အတွက် အထောက်အပံ့သဖွယ်လည်း ဖြစ်ပါတယ်။

ကျမ်းသစ္စာကျိန်ဆိုရမည့်သူများကို အဆိုထဲမှာ တိတိကျကျ ဖော်ပြထားတာကတော့ တရားသူကြီး၊ အမှုသည်နှင့် သက်သေများလို့ ဖြစ်ပါတယ်။ နှစ်ဖက်အမှုသည်များရဲ့ အစိုးရရှေ့နေလို့ သိနေကြတဲ့ ဥပဒေဝန်ထမ်းတို့ကိုလည်း ကျမ်းသစ္စာကျိန်ဆိုသင့်ကြောင်း ဖြည့်စွက်အကြံပြုလိုပါတယ်။ ဒီအဆိုရဲ့ အဓိကရည်ရွယ်ချက်ကတော့ တရားစီရင်ရေးမဏ္ဍိုင်ဟာ ပြည်သူများ ယုံကြည်ကိုးစား အားထားလောက်တဲ့ အနေအထားတစ်ရပ်အထိ ဖြောင့်မတ်မှန်ကန်ဖို့ လိုအပ်နေတယ်ဆိုတဲ့ အချက်ပါပဲ။ သစ္စာဆိုဖို့က ဒုတိယအချက် ဖြစ်ပါတယ်။ ဒီ တရားရေး မှန်ကန်ဖို့ဟာက ပထမအချက် ဖြစ်ပါတယ်။

ဒါဆိုရင် တရားစီရင်ရေးမဏ္ဍိုင် မယိမ်းမယိုင် ဖြောင့်မတ်မှန်ကန်ဖို့အတွက် ကျမ်းသစ္စာဆိုရုံ တစ်ခုတည်းနဲ့တော့ မလုံလောက်ပါဘူး။ ဒါကို ဖြည့်စွက်လို့ နည်းနည်းပါးပါး ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီး ဆွေးနွေးခွင့်ပြုပါ။ တရားစီရင်ရေးလမ်းကြောင်း ဖြောင့်မတ်မှန်ကန်ရေးအတွက် အခက်အခဲ(၂)ခု ရှိပါတယ်။ အမှန်တရား တရားစီရင်ရေးမှန်ကန်ဖို့အတွက် ကျွန်တော်တို့ အခုဖြစ်နေတာ အခက်အခဲ(၂)ခု ရှိနေပါတယ်။ အဲဒီ အခက်အခဲ(၂)ခု လျော့နည်းပပျောက်ဖို့ လိုအပ်ပါတယ်။ ပထမ အခက်အခဲကတော့ အဂတိကင်းစင်သွားဖို့ လိုအပ်ပါတယ်။ အဂတိတရားများနေတော့ ဘယ်တော့မှ မှန်ကန်ဖြောင့်မတ်တဲ့ တရားစီရင်ရေးအဆင့်ကို တက်လှမ်းလို့လာနိုင်မှာ မဟုတ်ပါဘူး။ အဂတိ လိုက်စားမှုနဲ့ပတ်သက်လို့ ထင်ရှားတဲ့နမူနာအမှုတစ်ခုကို ဖော်ပြရရင်တော့ ဟာသသရုပ်ဆောင်ရဲ့ သေဆုံးမှု စီရင်ချက်ပါပဲ။ ဒါကို အခုပြန်ပြီး စစ်ဆေးကြည့်နေရတဲ့အထိ ဖြစ်နေပါတယ်။ ဒါကြောင့် အဂတိလိုက်စားမှုဟာ မှန်ကန်ဖြောင့်မတ်တဲ့ တရားစီရင်ရေးကို ဘယ်လောက်ထိ အဟန့်အတား ဖြစ်တယ်ဆိုတာကို အားလုံးသိနေကြမှာ ဖြစ်ပါတယ်။ ဒုတိယအခက်အခဲ ရှိနေတာကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၁(က) ရဲ့ ပြဋ္ဌာန်းချက်ကို ပီပြင်စွာ အကောင်အထည် မဖော်သေးနိုင်လို့ ဖြစ်ပါတယ်။ အဲဒီ ပုဒ်မ ၁၁(က) မှာ နိုင်ငံတော် အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေ ပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ ဖြစ်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။

သို့သော်လည်း တကယ်လက်တွေ့မှာ နိုင်ငံတော်၏ Policy ကို အကြောင်းပြု၍သော် လည်းကောင်း၊ လုံခြုံရေးကိုအကြောင်းပြု၍သော်လည်းကောင်း၊ နိုင်ငံရေးကိုအကြောင်းပြု၍သော် လည်းကောင်း ဖမ်းဆီးတရားစွဲဆို ခံထားရတဲ့အခါမှာ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁(က) ကို တော်လှန်ပြီး အုပ်ချုပ်ရေးအာဏာက တရားစီရင်ရေးအာဏာအပေါ်မှာ လွှမ်းမိုးထားတဲ့၊ လွှမ်းမိုးထား နေဆဲအခြေအနေတွေ ဖြစ်နေတယ်ဆိုတာကိုလည်း အားလုံးမြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကို ကျွန်တော် ဖြည့်စွက်ပြောလိုတာကတော့ အမှုတွေကလည်း အထင်အရှားရှိပါတယ်။ အဲဒါ နာမည်နဲ့တကွတော့ မပြောတော့ပါဘူး။ အဲဒါတွေကို ကျွန်တော်တို့ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁(က)ရဲ့ ပြဋ္ဌာန်းချက်ကို တိတိကျကျ ထိရောက်အောင် အကောင်အထည်ဖော်လာနိုင်တဲ့ တစ်နေ့မှာတော့ကား ဒါ တရားစီရင်ရေး လမ်းကြောင်းဟာ ပိုပြီးတော့ကား လုပ်ပိုင်ခွင့် တိတိကျကျ လာပြီးတော့မှ ပိုပြီးတော့ကာ ထိရောက်မယ်လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၆။**

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမိုး ရဲ့ အဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်၏ အဆိုမှာ

ပြည်သူများ ယုံကြည်အားထားဖို့ တရားစီရင်ရာမှာ တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေးအဆို ဖြစ်ပါတယ်။ တရားခွင်မှာ တရားစီရင်တဲ့အခါ တရားသူကြီးတွေ၊ အမှုစတင်စစ်ဆေးတိုင်း အမှုသည်များရှေ့၌ ကျမ်းစာပါအတိုင်း ကျမ်းသစ္စာဆိုရန် လိုအပ်မည်ဖြစ်ပါတယ်။ ဒါမှ အမှုသည်နှင့် ပြည်သူများ ယုံကြည်အားကိုးလာရမှာ ဖြစ်ပါတယ်။

ယခုအခါ တရားခွင်မှာ အမှုသည်နှင့် သက်သေများ၊ ကျမ်းသစ္စာကျိန်ဆိုရာတွင် ကျမ်းစာပါအတိုင်း ပြည့်ပြည့်ဝဝ ဖြေဆိုခြင်းမရှိသည့်အတွက် တရားခွင်မှာ တာဝန်ရှိသူများက ကျမ်းစာပါအတိုင်း ပြည့်စုံစွာကျိန်ဆို၍ ဆောင်ရွက်ဖို့လိုပါတယ်။ အဆိုရှင်၏ အဆိုတွင် တရားသူကြီးများအနေဖြင့် တရားခွင်တက်တိုင်း၊ အမှုစစ်ဆေးတိုင်း ကျမ်းသစ္စာကျိန်ဆိုရန် မလိုအပ်သော်လည်း နေ့စဉ်တရားခွင်တွင် တက်ရောက်ရန် စတင်ဆောင်ရွက်သည့်အခါ သို့မဟုတ် အမှုတစ်ခု စတင်စစ်ဆေးသည့်အခါ ကျမ်းသစ္စာကျိန်ဆိုရန် လိုအပ်ကြောင်း ဖော်ပြထားပါတယ်။ တရားရုံးများလက်စွဲ အပိုဒ် ၇၄ နဲ့ ပတ်သက်၍ လမ်းညွှန်ချက်အတိုင်း ကျမ်းသစ္စာကျိန်ဆိုရန် ညွှန်ကြားထားဖို့လိုအပ်ကြောင်း ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး အဆိုအား တရားစီရင်ရေး ဥပဒေတွင် ထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းပေးမည်ဆိုပါက ပိုမိုသင့်တော်မည် ဖြစ်ပါသည်။ တရားရေးမဏ္ဍိုင် ဖြစ်မြောက်ဖို့အတွက် ဒီဂျူရီစနစ်ကိုလည်း ဖျောက်ဖို့လိုပါတယ်။ တရားစီရင်သည့် တရားသူကြီးသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါတယ်။ ပြည်သူကို တရားစီရင်ရာမှာ ပြည်သူ့တရားသူကြီးတွေ ဖြစ်ဖို့လိုပါတယ်။ ဒါမှ တရားရေးမဏ္ဍိုင် ဖြောင့်မှန်ဖို့ လိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၈။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှလုံး ကျန်းမာ ချမ်းသာပါစေကြောင်း နိဒါန်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး တင်သွင်းတဲ့ ပြည်သူများ ယုံကြည်ကိုးစားတဲ့ ဖြောင့်မတ်၊ မှန်ကန်၊ မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်မှာ ကျမ်းသစ္စာကို တိကျ၊ လေးနက်စွာ ကျိန်ဆိုရေး အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးမှု အားကောင်းမှ၊ တရားမျှတမှုရှိမှ နိုင်ငံတော် တည်တည်ငြိမ်ငြိမ်နှင့် ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ တရားဥပဒေစိုးမိုးမှု၊ တရားမျှတမှုဆိုသည်မှာ အဘယ်နည်းဟု ဆန်းစစ်သော် ကြီးသောအမှု ငယ်အောင်၊ ငယ်သောအမှု

ပပျောက်အောင် ဆောင်ရွက်နိုင်ခြင်း၊ အငြင်းပွားမှုတစ်ရပ်အား နှစ်ဖက်သဘောတူ ပြေလည်အောင် ဖြေရှင်းနိုင်ခြင်း၊ နိုင်ငံအတွင်း ဒေသမရွေး မိမိတို့ကိုယ်စီ အေးချမ်းလုံခြုံစိတ်ချစွာနေနိုင်ခြင်း၊ လာဘ်ပေးလာဘ်ယူမှုမရှိခြင်းတို့ ဖြစ်တယ်လို့ဆိုလိုပါတယ်။ တရားဥပဒေစိုးမိုးမှု၊ တရားမျှတမှု ရလဒ်ကောင်းများ ဆိုသည်မှာ အငြင်းပွားမှုတစ်ရပ်အား ဖြေရှင်းရာမှာ တရားမျှတသည်ဟု ယူဆသော ဖြေရှင်းပုံ၊ ဖြေရှင်းနည်းရှိခြင်း၊ တစ်နည်းအားဖြင့် ယုံကြည်ကိုးစား အားထားရသော တရားစီရင်ရေး ဖြစ်တယ်လို့ ဆိုလိုပါတယ်။ တရားစီရင်ရေးကို ပြည်သူများ ယုံကြည်အားကိုးလာဖို့ အဓိကဆောင်ရွက်ရမယ့် ပုဂ္ဂိုလ်များကတော့ တရားသူကြီးများ ဖြစ်ပါတယ်။ တရားသူကြီးတစ်ဦးရဲ့ ပြုမှုဆောင်ရွက်ချက်သည် တရားစီရင်ရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရရှိအောင် ထပ်လောင်းအတည်ပြုခြင်း ဖြစ်စေရမယ်။ တရားစီရင်ရာမှာ အမှန်ကို ဆုံးဖြတ်နိုင်ရုံမျှမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း၊ အများမြင်စေရမယ်လို့ တရားစီရင်ရေး ကျင့်ဝတ်မှာ လမ်းညွှန်ချက် ပါရှိပါတယ်။ လက်ရှိအခြေအနေမှာ တရားစီရင်ရေးအပေါ် ပြည်သူများ ယုံကြည်ကိုးစားမှု လျော့နည်းကြောင်း အဆိုရှင်က ဥပမာပြ ပြောကြားပါတယ်။ တရားစီရင်ရာမှာ အမှန်ကို စီရင်ရုံမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများမြင်စေရမည်ဟူသော လမ်းညွှန်စီရင်ထုံးနှင့်အညီ တရားရုံး လုပ်ထုံးလုပ်နည်းများ အဆင့်ဆင့် ပါဝင်ဆက်နွယ်မှုအသီးသီးတို့အား ပြည်သူများ ယုံကြည်အားကိုးမှု မြင့်တက်လာအောင် တရားသူကြီးများအနေဖြင့်လည်း တရားခွင်မှာ အမှုတစ်ခုကို ဟုတ်တိုင်း မှန်ကန်စွာ အဂတိကင်းစင်ခြင်းဖြင့် စီရင်ဆုံးဖြတ်ကြောင်း ပြည်သူများ ယုံကြည်အားကိုးလာအောင် ဆောင်ရွက်ဖို့ အထူးလိုအပ်နေပြီ ဖြစ်ပါတယ်။ ဒါဆိုလျှင် ယုံကြည်မှုကို ဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုလုပ်မှ ယုံကြည်မလဲ မေးစရာ၊ တွေးစရာ ရှိလာပါတယ်။

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ အငြင်းပွားဖြေရှင်းစကားကို အပျော်အပျက်ဖြစ်ဖြစ်၊ အတည်ဖြစ်ဖြစ် ကျိန်ပြောလျှင် ယုံကြည်တတ်ကြပါတယ်။ ကျိန်မပြောလျှင် မယုံကြည် လိမ်တယ်၊ ညာတယ်လို့ ချက်ချင်း ကောက်ချက်ချတတ်ကြပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်၍ ကျိန်ဆိုသည့်ကိစ္စကို ပြောဆိုလိုပါတယ်။ ကျွန်တော်တို့ဒေသမှာ ဘိုးဘွားအမွေ၊ ယာမြေခွဲတမ်းချတာ အငြင်းပွားစရာ ဖြစ်လာလို့ အများသိအောင် ကျိန်ပြီးယူပါဆိုတော့ မမှန်မကန် ယူတာဆိုလျှင် သားစဉ်မြေးဆက် နူနာ ဖြစ်ရပါစေလို့ ကျိန်ပြီးယူတာ သားစဉ်မြေးဆက် နူကြတယ်လို့ ကြားသိရပါတယ်။ ဆိုလိုတာက ကိစ္စကြီး ငယ်၊ အတိမ်၊ အနက်အပေါ်မူတည်ပြီး ကျိန်ဆိုခြင်းကိစ္စ၊ အလေး၊ အပေ့ါသာ ကွာခြားမယ်၊ ကျိန်ဆိုပြီး ဆောင်ရွက်လျှင် လက်ခံယုံကြည်တဲ့သဘောပါ။

ဒါကြောင့် တရားစီရင်ရာမှာ အမှုသည်များ၊ သက်သေများ၊ ဟုတ်တိုင်းမှန်စွာ ပြောဆိုကြောင်း၊ တရားသူကြီးကလည်းပဲ အဂတိကင်းစွာ ဖြောင့်မတ်၊ မှန်ကန်စွာ ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ တိကျလေးနက်စွာ ကျမ်းကျိန်ဆောင်ရွက်လျှင် အားလုံးက ယုံကြည်အားကိုးလာမှာ ဖြစ်ပါတယ်။ ကျမ်းသစ္စာကျိန်ဆိုခြင်းကို တရားစီရင်ပြီး နည်းလမ်းတကျ စီစဉ်ဆောင်ရွက်ဖို့ တရားရုံးများလက်စွဲမှာ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ တရားရုံးများလက်စွဲပါ လမ်းညွှန်ချက်များကို တရားရုံးများက လေးနက်စွာ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ တရားရုံးများလက်စွဲ အပိုဒ် ၇၅ ကျမ်းသစ္စာအက်ဥပဒေ ပုဒ်မ ၇ အရ ကျမ်းသစ္စာကျိန်ဆိုရန် ပြဋ္ဌာန်းချက်များလည်း ပါရှိပြီးဖြစ်ပါတယ်။

ကျိန်ဆိုမြဲ ကျမ်းသစ္စာရဲ့ အနှစ်သာရမှာ လေးသခ္ချေ နှင့် ကမ္ဘာတစ်သိန်းပါ အပြား(၃၀) ပြည့်စုံတော်မူသော မြတ်ဘုရားကို တိုင်တည်ပြီး ဟုတ်မှန်သည်ကိုပါ ဆိုလိုပါမည်။ မဟုတ်မမှန် ဆိုခဲ့သော် ကြီးလေးသောအပြစ် ရောက်ရပါစေသားဟု အပိုဒ် ၂၄ ပါရှိပြီး ဟုတ်တိုင်းမှန်စွာ ဆိုခဲ့သော် ၎င်းတို့ကို ဆန့်ကျင်ဘက် ကောင်းကျိုး ရ ရပါစေသားလို့ ကျမ်းသစ္စာ ကျိန်ဆိုစကားဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင် မဟုတ်သူများလည်းပဲ ကျမ်းသစ္စာဆိုစကား အသီးသီးထားရှိပြီး ဖြစ်ပါတယ်။ မည်သည့် ဘာသာဝင် ဖြစ်စေကာမူ ကျမ်းသစ္စာကျိန်ဆိုခြင်း မပြုလိုဟု ငြင်းဆန်ပယ်ရင် ထိုသို့ ငြင်းဆန်လျှင် ထိုသူအား ကတိသစ္စာဆိုရမည်ဟု ပါရှိတဲ့အတွက် ၎င်းအခွင့်အရေးကိုယူပြီး ကျမ်းကျိန်ဆိုခြင်းမပြုဘဲ ကတိသစ္စာပြုတာ တွေ့ရပါတယ်။ ကတိသစ္စာပြုခြင်း ထွက်ဆိုချက်က မှန်ကန်တဲ့ ထွက်ဆိုချက်အဖြစ် အမှုမှန်ပေါ်ဖို့ အလွန်ပဲအားနည်းတယ်လို့ အဆိုရှင်က ထောက်ပြပါတယ်။ ထွက်ဆိုချက်အပေါ် မူတည်ပြီး စီရင်ဆုံးဖြတ်ရတဲ့အတွက် မှန်ကန်တဲ့၊ ယုံကြည်အားကိုးရတဲ့ ဆုံးဖြတ်ချက်ဖြစ်ဖို့ ခက်ခဲပါတယ်။ ဒါကြောင့် ပြည်သူများ ယုံကြည်ကိုးစားမှု ရရှိစေရန်၊ ဥပဒေနှင့်အညီ မှန်ကန်စွာ စီရင်ဆုံးဖြတ်နိုင်ရန် တရားသူကြီးများ၊ အမှုသည်များ၊ သက်သေများ၊ အတိအကျလေးနက်စွာ ကျမ်းကိုင်ကျိန်ခြင်း၊ ကျမ်းသစ္စာ ကျိန်ဆိုရန် အမှန်တစ်ကယ် လိုအပ်ကြောင်း ထပ်လောင်းပြောလိုပါတယ်။

တရားရုံးများ လက်စွဲ အပိုဒ် ၇၄ မှာ ကျမ်းသစ္စာ ကျိန်ဆိုရေးကိုပြုရန်မှာ ပြုသမျှ အထိမ်းအမှတ်လက္ခဏာ သို့မဟုတ် ပြုရသမျှ အပြုအမူနှင့်တကွ ပေး၍သော်လည်းကောင်း၊ မိမိစိတ်မှာ စွဲလမ်းမှုဖြစ်စေမှု ယူဆသော အထိမ်းအမှတ်လက္ခဏာ သို့မဟုတ် အပြုအမူနှင့်တကွ ပေး၍သော်လည်းကောင်း၊ ပြုရမယ်လို့ ကျမ်းသစ္စာပြုခြင်းနဲ့ ပတ်သက်၍ လမ်းညွှန်ထားပါတယ်။ ကျမ်းသစ္စာကျိန်ဆို၍ တရားစီရင်လျှင် အမှန်တရားကို ပိုမိုရရှိစေရန် ပြဋ္ဌာန်းထားပြီး ဖြစ်သည်နှင့်အညီ ကျမ်းစာကို တရားရုံးများမှာ အများမြင်သာသောနေရာတွင် ကပ်ထားခြင်း၊ ကျမ်းစာပါ ကျမ်းထုပ်ကို ကိုင်လျှက် လမ်းညွှန်ချက်အတိုင်း ကျမ်းသစ္စာ ကျိန်ဆိုသူများကို တင်ပြဆောင်ရွက်ဖို့ လိုအပ်ကြောင်း ထပ်လောင်းပြောလိုပါတယ်။ သို့မှသာ ဖြောင့်မတ်မှန်ကန်သည့် တရားစီရင်ရေးဖြစ်ထွန်းကာ တရားဥပဒေစိုးမိုးလာမည် ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှ နိုင်ငံတော် တည်တည်ငြိမ်ငြိမ် အရှိန်အဟုန်မပျက် ဆက်လက်ဖွံ့ဖြိုးမှာ ဖြစ်ပါတယ်။ ထို့ကြောင့် ပြည်သူများ ယုံကြည်ကိုးစားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး အမှုသည်နှင့် သက်သေများကို တရားခွင်မှာ အမှုတစ်ခု စတင်စစ်ဆေးသည့် အချိန်မှာ ကျမ်းထုပ်ကိုင် ကျမ်းသစ္စာ အလေးအနက် ကျိန်ဆိုရေး အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၅။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး တင်သွင်းထားတဲ့ အဆိုအပေါ်မှာ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန် မျှတတဲ့ တရားစီရင်ရေး ဖြစ်ထွန်းစေရန်ဆိုတဲ့ အဆိုရှင်ရဲ့ ရည်ရွယ်ချက်က အထူးကောင်းမွန်ပါတယ်။ ယနေ့ဖြစ်ပေါ်နေတဲ့ တရားစီရင်ရေးမဏ္ဍိုင်ကြီးဟာ တိမ်းစောင်းနေတယ်လို့ အများပြည်သူများက ကျယ်ကျယ်လောင်လောင် ပြောဆိုနေကြပါတယ်။ တရားဥပဒေ မစိုးမိုးဟုလည်း ပါတယ်။ ငွေများတရားနိုင်လို့လည်းပဲ ပြောဆိုနေကြပါတယ်။ ဘက်လိုက်ဆုံးဖြတ်တယ်လို့လည်းပဲ ပြောနေကြပါတယ်။ မြန်မာ့နိုင်ငံရေးစနစ်အရ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်အချင်းချင်း ထိန်းညှိဆောင်ရွက်ကြရမယ်ဆိုပေမယ်လို့ ဒီမိုကရေစီလမ်းကြောင်းအရ အလေ့အကျင့် မရသေးတဲ့ အခြေအနေမှာပဲ ရှိနေပါတယ်။ ပြည်သူကိုဗဟိုပြုတဲ့ ဒီလိုကာလမျိုးမှာ ပြည်သူများ ယုံကြည်လက်ခံလာအောင်၊ အားကိုးလာအောင်၊ အားထားလာအောင်၊ တရားခွင်ထက်မှာ ပကတိ အရှိအတိုင်း ဆောင်ရွက်ခြင်းနဲ့ ပြည်သူလူထုနှင့် ပူးပေါင်းကြမယ်ဆိုရင် အလျဉ်းသင့်မယ်လို့ ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျမ်းကျိန်တယ်ဆိုတာ ကျမ်းထုပ်မှာဖော်ပြထားတဲ့ ကောင်းကျိုး၊ ဆိုးပြစ်များကို တရားခွင်ထက်မှာ၊ အမှုမစစ်ခင်မှာ ကျိန်ဆိုခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ လက်တွေ့ တရားစီရင်ရေးနယ်ပယ်မှာ ကျိန်ဆိုစရာ ကျမ်းထုပ် ရှိပါတယ်။ ကျမ်းစာက ကျမ်းထုပ်ကြားမှာ ညှပ်ထားပါတယ်။ အပေါ်က အနီရောင်အိတ် စွပ်ထားပါတယ်။ အဲဒီကျမ်းထုပ်ကိုကိုင်ပြီးတော့ ရှေ့က ခေါ်ပေးတာကို လိုက်ဆိုရပါတယ်။ ရှေ့က လိုက်ဆိုခိုင်းတာကို ကျမ်းစာမှာပါဝင်နေတဲ့ ကျိန်စာများ မဟုတ်ပါဘူး။ မမှန်မကန် ထွက်ဆိုအစစ်ခံရင် ကျမ်းစာပါ မကောင်းကျိုး ခံစားရပါစေ၊ မှန်ကန်စွာ ထွက်ဆိုပါက ကျမ်းစာပါ ကောင်းကျိုးချမ်းသာများ ခံစားရပါစေဟု ရေးဆိုပြီးတော့ ကျိန်ဆိုကြပါတယ်။ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ ရဲအရာရှိတွေ၊ အကြီးအကဲတွေဆိုရင် ကျမ်းထုပ်မကိုင်ဘဲနဲ့ မှန်ကန်စွာ ထွက်ဆိုပါမည်ဆိုပြီး ကတိသစ္စာပြုရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျမ်းကျိန်စာတွေဟာ ကျမ်းထုပ်မှာ ကျမ်းစာများ ပါဝင်ပါတယ်။ အပြင်ဘက်မှာလည်း ကျမ်းစာများရှိပါတယ်။ တရားခွင်ထဲမှာ အမှုစစ်တဲ့ခုံပေါ်မှာလည်း မှန်ကားကြီးနဲ့ ထောင်ပြထားပါတယ်။ ဒါပေမဲ့ သက်သေ၊ တရားလို၊ တရားခံတို့က ဖတ်လည်းမဖတ်၊ လေ့လည်းမလေ့လာ ဆိုတော့ သူတို့လည်းပဲ မသိကြပါဘူး။ ဌာနဆိုင်ရာအကြီးအကဲများအပါအဝင် ရဲအရာရှိများ၊ သက်သေ၊ တရားလို၊ တရားခံများဟာ အမှုနဲ့ပတ်သက်နေသူတွေဖြစ်နေတော့ သစ္စာပြုရာ မလုပ်စေဘဲနဲ့ ကျမ်းကျိန်နည်း တစ်နည်းလေးကိုသာ ကျင့်သုံးစေသင့်ပါတယ်။ တရားသူကြီးများဟာ ကျမ်းကျိန်ဖို့ လို၊ မလို စဉ်းစားတဲ့အခါမှာဆိုလို့ရှိရင် အထက်ကဖော်ပြခဲ့တဲ့ တရားစီရင်ရေးအပေါ်မှာ ယုံကြည်မှု အားနည်းနေစဉ် ဒီလိုကာလမျိုးမှာ ပြည်သူများ လက်ခံယုံကြည် အားကိုးလာစေရန်အတွက် အဓိကထားပြီးတော့ တရားခွင်ထဲမှာ အမှုစစ်မယ်ဆိုကာမျှနှင့် ကျမ်းထုပ်ကို ပြန်ပြီးတော့ ကျမ်းကျိန်ဆိုခြင်းဟာ သင့်တော်သလိုလိုရှိပါတယ်။ ဘာလို့လဲဆိုရင် တရားသူကြီးဆိုတဲ့ ဂုဏ်ကိုလည်းပဲ ထိခိုက်တယ်လို့ မမြင်ပါဘူး။ ပြည်သူနဲ့သီးခြားစီ ရှိမနေကြောင်းလည်းပဲ သက်သေပြကြရမှာ ဖြစ်ပါတယ်။ တရားရုံးများလက်စွဲ The Course Manual ပုဒ်မ ၇၅ မှာ ကျမ်းသစ္စာအက်ဥပဒေ ပုဒ်မ ၇ အရ သက်သေများ

အတွက် သစ္စာကျိန်ဆိုခြင်း၊ ကတိသစ္စာဆိုခြင်း၊ ဂျူရီလူကြီးများအတွက် ကျိန်ဆိုခြင်း ဆိုပြီးတော့ ကတိသစ္စာပြုခြင်းကို ပြဋ္ဌာန်းထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ တရားစီရင်ရေးမှာ တရားရုံးများလက်စွဲအတိုင်း ဆောင်ရွက်နေတာ မှန်ပေတယ်လို့ တရားသူကြီးများအနေနဲ့ ကျမ်းကျိန်ဆိုခြင်း၊ ကျမ်းသစ္စာပြုခြင်းများ မလုပ်ကြပါဘူး။ ဂျူရီလူကြီးများအတွက် ကျမ်းသစ္စာ ကျိန်ဆိုရာတွင်လို့ ဖော်ပြထားလို့ တရားသူကြီးများဟာ ကျမ်းသစ္စာ ကျိန်ဆိုသင့်ပါတယ်။ မြန်မာနိုင်ငံရဲ့ လက်တွေ့အခြေအနေမှာ တရားရုံး အသီးသီးတို့ဟာ အမှုသည်များပြားခြင်း၊ သက်သေခံပစ္စည်း များပြားခြင်းတို့နဲ့ အလွန်စည်ကားနေကြပါတယ်။ ထွက်ဆိုတဲ့ သက်သေအားလုံးတို့ဟာ တရားခွင်မှာ မမှန်သည်ကိုလည်းကောင်း၊ မှန်သည်ကိုလည်းကောင်း၊ လွယ်ကူစွာ ထွက်ဆိုနေကြပါတယ်။ အဲဒီလိုအခြေအနေတွေကြောင့် တရားရုံးများလက်စွဲပါ ဖော်ပြထားတဲ့ သက်သေများ၊ ကျမ်းကျိန်ဆိုခြင်း၊ ကတိသစ္စာဆိုတဲ့ အပိုဒ်တို့ကို ပြင်ဆင်စေဖို့လိုမယ်လို့ ကျွန်တော် တင်ပြလိုပါတယ်။ တကယ့်ကြောက်စရာကောင်းတဲ့ ကျိန်ဆိုချက်များ၊ ကာယသုခ၊ စိတ္တသုခ ဖြစ်စေတဲ့ ကျိန်ဆိုချက်များကို အကျဉ်းချုပ်ပြီးတော့ တရားခွင်မှာ ကျိန်ဆိုမယ်ဆိုရင် သက်သေများဟာ အထူး သတိထားပြီး အမှန်အတွက် ထွက်ဆိုကြရဖို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါမှသာ သက်သေများအနေနဲ့ ကျမ်းကျိန်ဆိုခြင်းအပေါ်မှာ အဆိုရှင် တင်ပြထားတဲ့အတိုင်း တရားခွင်မှာ ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်လို့ တင်ပြလိုတာက ကမ္ဘာ့နိုင်ငံများမှာရှိတဲ့ နိုင်ငံအသီးသီးဟာ သူတို့နိုင်ငံရဲ့ လူနေမှုစရိုက်အရ ပြဋ္ဌာန်းထားတဲ့နိုင်ငံများ ဖြစ်ပါတယ်။ အဲဒီ နိုင်ငံများအတွက် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဖြတ်သန်းခဲ့တဲ့ ခေတ်ဆိုး၊ စနစ်ဆိုးတွေကြောင့် ပြည်သူအများစုဟာ အသိပညာ နည်းပါးနေကြပါတယ်။ အမှန်တရားအပေါ်မှာ လုံးဝရပ်တည်ကြရမယ်ဆိုတာ နှိုင်းဆနိုင်တဲ့ ဆင်ခြင်တုံတရား နည်းပါးနေကြပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ တရားရုံးအသီးသီးတို့မှာလည်း အဲဒီ အသိပညာနည်းလို့ ပြည်သူ ပြည်သားများဟာ အနည်းဆုံး အမှုရင်ဆိုင်နေကြရပါတယ်။ အချို့ အမှုများဆိုရင် မိမိရဲ့စားဝတ်နေရေး အဆင်ပြေစေဖို့ ငွေရရင်ပြီးရောဆိုပြီး မစဉ်းစား၊ မဆင်ခြင်ဘဲနဲ့ မမှန်သည်ကို သိပါလျက်နဲ့ အခကြေးငွေယူပြီး သက်သေလိုက်ပါ ထွက်ဆိုနေကြရတာရှိပါတယ်။ အမှုစစ် တရားသူကြီးများရော၊ သက်သေများရော၊ တရားလို၊ တရားခံတို့ရော၊ အရာရှိ စသည် မခွဲခြားဘဲ ကျမ်းကျိန်ဆိုကြမယ်ဆိုရင် တရားစီရင်ရေးအပေါ်မှာ ပြည်သူလူထုအများစုက တရားမျှတမှန်ကန်ကြောင်း ယုံကြည်ကိုးစားလာကြပါလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ကျမ်းကျိန်ဥပဒေ The Oaths Act ပါနှင့် တရားရုံးများ လက်စွဲလို့ကို ဖော်ပြတဲ့အပိုင်းလေး အလျဉ်းသင့်အောင် ပြင်ဆင်ပြီးတော့ ကျမ်းကျိန်ချက်များကို တရားခွင်မှာ တိကျလေးနက်စွာ ကျိန်ဆိုခြင်းအားဖြင့် တရားစီရင်ရေး တည့်မတ်နိုင်ရေးအတွက် တစ်နည်းတစ်လမ်း အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါကြောင်း ဤအဆိုကို အကြံပြုထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၀။**

**ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ဦးစိုးမိုး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ တင်သွင်းတဲ့ ပြည်သူအများ ယုံကြည်ကိုးစားအားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေးအဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ တရားသူကြီးဆိုတာ တရားမျှတမှုကိုလိုလားပြီး တရားစီရင်မှုပြုရာမှာ အကြီးအမှူးတွေပဲ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ ဆွေးနွေးချက်မှာ တရားသူကြီးရဲ့ ဆောင်ရွက်ချက်သည် တရားစီရင်ရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုအပေါ် ပြည်သူ၏ ယုံကြည်ကိုးစားမှုကို ရရှိရန် ထပ်လောင်းအတည်ပြုခြင်းဖြစ်စေရမည်။ တရားစီရင်ရာတွင် အမှန်ကိုဆုံးဖြတ်ယုံမျှမက ထိုအမှန်တရားကို စီရင်ကြောင်း အများမြင်စေရမည်ဟု အဆိုမှာ ပါရှိသည့်အတိုင်းပဲ ကျွန်မတို့ ပြည်သူများဟာ အမှန်တရားကို စီရင်ကြောင်း ယုံကြည်သက်ဝင်စေချင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခုဆိုလျှင် ပြည်သူများဟာ တရားရေးအပေါ် ယုံကြည်မှုကင်းမဲ့လာကြတာကို အဆိုရှင်မှလည်း တင်ပြဆွေးနွေးထားပြီး ဖြစ်ပါတယ်။ ပြည်သူအများစုဟာ တရားရေးရှေ့မှောက်မှာ အမှန်တရား မရရှိတဲ့အတွက် ကိုယ့်ရဲ့အမှန်တရားကို ရရှိနိုင်ရန် ကြံ့သလိုနည်းလမ်းများ အသုံးပြုအဖြေရှာနေကြခြင်းလည်းရှိပြီ၊ ထိုအခြေအနေဟာ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကိုသွားနေတဲ့ နိုင်ငံ့ရဲ့ တိုးတက်မှုကို များစွာ ထိခိုက်စေပါတယ်။ ဒီမိုကရေစီစနစ်မှာ မဏ္ဍိုင်ကြီး(၃)ရပ်ဟာ အချင်းချင်း အပြန်အလှန်ထိန်းကျောင်း၍ လွတ်လပ်သောမဏ္ဍိုင်ကြီးများအဖြစ် ရပ်တည်နေရမှာလည်း ဖြစ်ပါတယ်ရှင်။ ယခုလွှတ်တော်ထဲမှာ ဆွေးနွေးကြတဲ့ တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေးဆိုသည်မှာ လက်ရှိ ပကတိလိုအပ်ချက်များကြောင့် ဆွေးနွေးနေကြရခြင်း ဖြစ်ပါတယ်။ အဆိုရှင်၏ ရည်ရွယ်ချက်မှာ ဖြောင့်မတ်မှန်ကန်သည့် တရားစီရင်ရေးစနစ်ဖြစ်ထွန်းစေရန် ဆိုလိုသည့်နေရာမှာ တရားစွဲအဖွဲ့အစည်းတစ်ရပ်လုံးရဲ့ မှန်ကန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဟာလည်း အင်မတန်မှအရေးကြီးပါတယ်။ တရားစွဲ အဖွဲ့အစည်းများဖြစ်တဲ့ ဥပဒေအရာရှိများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အမှုတည်ဆောက်မှုတွေဟာလည်းပဲ အင်မတန် အရေးကြီး ပါတယ်ရှင်။ အဆိုရှင်၏တိုက်တွန်းချက်ထဲမှာ မပါဝင်သော်လည်းပဲ ရှေ့နေများလည်း ကျမ်းသစ္စာ ကျိန်ဆိုသင့်ပါတယ်ရှင်။ ဘာလို့လဲဆိုတော့ တရားသူကြီးတွေရဲ့ အဂတိ ဖြစ်ပွားရခြင်းအကြောင်း တစ်ရပ်မှာ ကျင့်ဝတ်လိုက်နာခြင်းမရှိသော ရှေ့နေများကြောင့်လည်း ပါဝင်နေပါတယ်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရဲ့ လုပ်ငန်းစဉ်(၃)ရပ်ရှိတဲ့အနက်မှာ ပြည်ထောင်စုတရားစီရင်မှုကြီးကြပ်ရေးရုံးရဲ့ ကွပ်ကဲမှု အားနည်းချက်များ ရှိနေတဲ့အတွက်ကြောင့်လည်း တရားသူကြီးတွေဟာ အများပြည်သူ အထင်လွဲခြင်း ခံနေရတာလည်း ဖြစ်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တရားသူကြီးများနှင့် တရားရုံးများဟာ ပြည်သူများ လေ့လာစောင့်ကြည့်ခွင့်ရရှိပြီး မတရားမှုကို ဖြိုဖျက်ရာနေရာသာ အမှန်တရားထွန်းကားရာနေရာအဖြစ် တည်ရှိရန် လိုအပ်ပါတယ်။ တရားစီရင်ခြင်း၊ စစ်ဆေးခြင်းများဟာ အများပြည်သူရှေ့မှောက်မှာ အထင်အရှားစီရင်ရန်လည်း လိုအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေဖြစ်သော ရာဇဝတ်ကျင့်ထုံးဥပဒေမှာလည်း ဂျူရီစနစ်ဖြင့် ဆုံးဖြတ်ခြင်းကို ပြဋ္ဌာန်းထားတဲ့အတွက်ကြောင့်လည်း ကျင့်သုံးသင့်ပါတယ်။ အဆိုရှင်ရဲ့ဆွေးနွေးချက်ဟာ ယုံကြည်မှုကိုအခြေခံထားပြီး တိုက်တွန်းထားသော်လည်း တရားစီရင်ရေးကို စောင့်ကြည့်ထိန်းကျောင်းပြီး လက်တွေ့ကျသည့် အခြားသောယန္တရားများလည်း ရှိရန်လိုအပ်ပါတယ်။ လွှတ်တော်ကြီးကလည်း စဥ်ဆက်မပြတ် စောင့်ကြည့်ထိန်းကျောင်းရန် လိုအပ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံဖြစ်ပါတယ်။ ကံတရားကို ယုံကြည်ကြပါတယ်။ ကျမ်းသစ္စာကို ယုံကြည်ကြပါတယ်။ တရားသူကြီးများ အမှုတစ်မှုချင်းအပေါ်မှာ ကျမ်းသစ္စာကျိန်ဆိုခြင်းဟာ အဆုံးအဖြတ်ပေးသူနှင့် အဆုံးအဖြတ်ခံရမည့်သူအကြား ယုံကြည်မှုကို တည်ဆောက်ခြင်းဖြစ်ပါတယ်။ ပြည်သူတွေရဲ့တရားမျှတမှုကိုရရှိစေရန် ဥပဒေအရ အကာအကွယ်ပေးထားသော်လည်း တစ်စုံတစ်ရာ မတရားဖြစ်ခဲ့မယ်ဆိုရင် ပြည်သူများဟာ တိုင်တည်စရာ ကတိသစ္စာတွေရှိပါတယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူများဟာ ကျမ်းသစ္စာကို ယုံကြည်ပါတယ်။ မတရား ခံစားရနေပြီးဆိုလျှင် ယင်းတို့ရဲ့လုပ်ရပ်ကို ငါအခုခံစားရလည်း ခဏတာပဲလို့ သတ်မှတ်ပြီး မင်းတို့သာ ကျမ်းစူးပြီး သားစဥ်မြေးဆက်ခံရမှာလို့ မိမိတို့၏ မတရားမှုကို ကျမ်းသစ္စာကို အားကိုးတိုင်တည် တတ်ကြပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခု ဦးစိုးမိုး တင်သွင်းသည့် ပြည်သူများ ယုံကြည်အားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ၊ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေးအဆိုဟာ လက်ရှိတိုင်းပြည်ရဲ့ တရားစီရင်ရေးအား ထိန်းကျောင်းသည့် နည်းလမ်းတစ်ရပ်သာဖြစ်ပြီး အထက်မှာဆွေးနွေးခဲ့သလို အခြားသောစောင့်ကြည့်ထိန်းကျောင်းသည့် ယန္တရားများလည်းရှိရန် လိုအပ်ပါသောကြောင့် ယခုအဆိုအပြင် အခြားသော စောင့်ကြည့်ရေးနည်းလမ်းများလည်း ထည့်သွင်းစီမံပေးပါရန် ပြည်ထောင်စုအစိုးရအား လွှတ်တော်ကြီးမှ တိုက်တွန်းပေးကြပါရန် အကြံပြုဆွေးနွေးရင်း အဆိုအား ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ**။ ။အဆိုနှင့် စပ်လျဥ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဦးမျိုးတင့် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးမျိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီ

တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး တင်သွင်းတဲ့ အဆိုနှင့်ပတ်သက်လို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ပြန်လည်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဦးစွာ ဆွေးနွေးတင်ပြချင်တာကတော့ လက်ရှိ တရားရုံးအဆင့်ဆင့်မှာ တာဝန်ထမ်းဆောင်နေတဲ့ တရားသူကြီးများ ကျမ်းသစ္စာဆိုခြင်းကို ဦးစွာ ဆွေးနွေးတင်ပြလိုပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ တာဝန်ထမ်းဆောင်တဲ့ တရားသူကြီးများဟာ ခန့်အပ်တာဝန်ပေးခံရတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်ရဲ့ နာယကကြီးရှေ့မှာ ကျမ်းသစ္စာ ကျိန်ဆိုကြရပါတယ်။ ဒီလိုပဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်တရားလွှတ်တော် အဆင့်ဆင့်မှာ တရားလွှတ်တော်များမှာ တာဝန်ထမ်းဆောင်တဲ့ တရားလွှတ်တော်၊ တရားသူကြီးချုပ်နဲ့ တရားသူကြီးများလည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးများရှေ့မှာ ကျမ်းသစ္စာ ကျိန်ဆိုကြရပါတယ်။ ထို့အတူ ခရိုင်နှင့် မြို့နယ်တရားရုံးအဆင့်ဆင့်မှာ တာဝန်ထမ်းဆောင်တဲ့ တရားသူကြီးတွေက အားလုံးဟာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးချုပ်တွေရဲ့ ရှေ့မှာ ကျမ်းသစ္စာ ကျိန်ဆိုကြရပြီးတော့ စတင် အလုပ်ဝင်ခန့်အပ်တဲ့ တရားသူကြီးအငယ်တွေ အသစ်တွေကိုတော့ ပြည်ထောင်စုတရားသူကြီးချုပ်ရှေ့မှာ ကျမ်းသစ္စာ ကျိန်ဆိုကြရပါတယ်။

ကျွန်တော်တို့ တရားစီရင်ရေးနဲ့ဆက်စပ်တဲ့ ကဏ္ဍအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ပုဂ္ဂိုလ်အသီးသီးရဲ့ ကျမ်းသစ္စာ ကျိန်ဆိုခြင်းနဲ့ စပ်လျဉ်းတဲ့ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆက်လက် ဆွေးနွေးလိုပါတယ်။ ဒါကတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အသီးသီးလည်း ရည်ညွှန်းဆွေးနွေးသွားတာတွေ့ရပါတယ်။ ကျမ်းသစ္စာကျိန်ဆိုခြင်း ဥပဒေ The Oaths Act ၁၈၇၃ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ကျမ်းသစ္စာကျိန်ဆိုခြင်းဥပဒေရဲ့ ပုဒ်မ ၅ မှာ ၅ ရဲ့ (က)မှာ သက်သေများ၊ (ခ)မှာ စကားပြန်များ၊ ဘာသာပြန်များ၊ (ဂ)မှာ ကျွန်တော်တို့ ဂျူရီလူကြီးများလို့ပဲ ပြဋ္ဌာန်းထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဒီအလားတူ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေ ပုဒ်မ ၁၃၄ ရဲ့ အပိုဒ်ခွဲ(၁)မှာ စစ်ခုံရုံးထဲမှာ တာဝန်ထမ်းဆောင်တဲ့ တရားသူကြီးတွေ ကျမ်းသစ္စာ ကျိန်ဆိုဖို့ ပြဋ္ဌာန်းထားပါတယ်။ (၈၈-၁)မှာ စတင်တာဝန်ထမ်းဆောင်တဲ့အချိန် (၁)ကြိမ်ပဲ ကျမ်းသစ္စာ ကျိန်ဆိုဖို့ကို နည်းဥပဒေ ၈၈ မှာ (၁)မှာ ပြဋ္ဌာန်းထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်တွေကို ကြည့်လို့ရှိရင် တရားစီရင်ရာမှာ ယင်းအတွက် တာဝန် လုံးဝအပေးခံရတဲ့ တရားသူကြီးတွေဟာ စတင်တာဝန်ထမ်းဆောင်တဲ့အချိန်မှာပဲ ကျမ်းသစ္စာကျိန်ဆိုပြီးတော့ သူတာဝန်ထမ်းဆောင်တဲ့ တစ်ခုလုံးကို ပဋိညာဉ်ပြုရာ ရောက်တယ်လို့ သဘောသက်ရောက်ပြီးတော့ ကျွန်တော်တို့ အခါအားလျော်စွာ တရားစီရင်ရေးကဏ္ဍမှာ တာဝန်ပေးခံရတဲ့ ပုဂ္ဂိုလ်တွေကိုတော့ အဲဒီတာဝန်ထမ်းဆောင်တဲ့အချိန်မှာ ကျမ်းသစ္စာ ကျိန်ဆိုခိုင်းပါတယ်။ ဒါဟာ ဘာလဲဆိုရင် ခုန ပုဒ်မ ၅ ရဲ့(ဂ)မှာ ဂျူရီလူကြီးများဟာ အမှု သဘာဝအရ ရွေးချယ်ခန့်ထားတဲ့ အမှုအမျိုးအစား၊ အမှုအလိုက် ရွေးချယ်ခန့်ထားတဲ့ လူကြီးတွေ ဖြစ်ပါတယ်။ ဒီအမှုပြီးသွားရင် သူဟာ ဂျူရီလူကြီး တရားစီရင်ရေး တာဝန်မရှိတော့ပါဘူး။ ဒါကြောင့် သူ ကျမ်းသစ္စာ ကျိန်ဆိုရပါတယ်။

တပ်မတော် စစ်ခုံရုံးတွေမှာ တာဝန်ထမ်းဆောင်တဲ့ တရားသူကြီးတွေဟာ အမှုအလိုက် သက်ဆိုင်ရာအာဏာပိုင်က ဖွဲ့စည်းတာဝန်ပေးပါတယ်။ အမှုစီရင်ဆုံးဖြတ်ပြီးသွားလို့ရှိရင် သက်ဆိုင်ရာ မူလ စစ်ဘက်တာဝန်တွေကိုပဲ ထမ်းဆောင်ကြရတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့

ကျွန်တော်တို့ အခုလို ကျမ်းသစ္စာ ကျိန်ဆိုခြင်းနှင့် စပ်လျဉ်းပြီးတော့ ဆက်ပြောရရင်တော့ ကျွန်တော်တို့ တရားစီရင်ရေးကဏ္ဍမှာ အစဉ်တစိုက် တာဝန်ထမ်းဆောင်တဲ့ တရားလွှတ်တော်ရှေ့နေတွေကလည်း တရားလွှတ်တော်ရှေ့နေအဖြစ် အပ်နှင်းခံရတဲ့နေ့မှာ ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှေ့မှာ ကျမ်းသစ္စာကျိန်ဆိုပါတယ်။ အဲဒီလို ကျမ်းသစ္စာကျိန်ဆိုခြင်းဟာလည်း တရားလွှတ်တော်ရှေ့နေအဖြစ် တာဝန်ထမ်းဆောင်ခြင်း သက်တမ်းတစ်ခုလုံးအတွက် ပဋိညာဉ်ပြုရာရောက်တဲ့အတွက် သူဟာ နောက်ပိုင်းမှာ အမှုလိုက်တိုင်း ကျမ်းသစ္စာကျိန်ဆိုစရာ မလိုပါဘူး။ ဒါကိုကြည့်လို့ရှိရင် တရားစီရင်ရေး တာဝန်ကို အမြဲတမ်းတာဝန်ထမ်းဆောင်တဲ့ပုဂ္ဂိုလ်၊ တာဝန်အပ်နှင်းခံရတဲ့ ပုဂ္ဂိုလ်တွေဟာ စတင်တာဝန်ထမ်းဆောင်ရမယ့် မထမ်းဆောင်ခင်မှာ ကျမ်းသစ္စာ ကျိန်ဆိုကြပြီးတော့ အခါအားလျော်စွာ ရွေးချယ်ခန့်အပ်ပေးတဲ့ ပုဂ္ဂိုလ်တွေကိုတော့ အဲဒီ့ သက်ဆိုင်ရာအမှုတွဲတွေ မစစ်ခင်မှာ ကျမ်းသစ္စာ ကျိန်ဆိုကြတာကို ဒါ တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီလို ကျင့်စဉ်ကျင့်ရပ်က လက်ရှိနိုင်ငံတကာမှာ ကျင့်သုံးတဲ့ ကျင့်စဉ်ကျင့်ရပ်လည်း ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယဝန်ကြီးများဟာ နိုင်ငံတော်သမ္မတကြီးရှေ့မှာ ကျမ်းသစ္စာ ကျိန်ဆိုခြင်းဟာ တာဝန်ထမ်းဆောင်ချိန်သက်တမ်းတစ်ခုလုံးကို ပဋိညာဉ်ပြုရာ ရောက်ပါတယ်။ ဒီလိုပဲ အလားတူ ကျမ်းသစ္စာ ကျိန်ဆိုခြင်းတစ်ခုဟာ အမြဲသတ်မှတ်ကာလအလိုက် တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေအတွက် ကျမ်းကျိန်ခြင်းဟာ သက်တမ်းတစ်ခုလုံးကို အကျုံးဝင်ပါကြောင်း ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြအပ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ တရားသူကြီးများ ကျမ်းသစ္စာ ကျိန်ဆိုခြင်းဆိုတာ တည်ဆဲဥပဒေမှာ လုံးဝမပါဘူးလားဆိုတော့ မဟုတ်ပါဘူး။ ဒါဟာ ဘာလို့လဲဆိုရင် ကျွန်တော်တို့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေရဲ့ ပုဒ်မ ၂၃(ဂ)မှာ တရားသူကြီးတွေဟာ တာဝန်မထမ်းဆောင်မီမှာ ကျမ်းသစ္စာကျိန်ဆိုရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်ကလည်း ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေအမှတ်(၃၀/၂၀၁၃)မှာ တရားစီရင်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေအဖြစ် ပြည်ထောင်စုလွှတ်တော်ကြီးက ပြဋ္ဌာန်းပေးလိုက်တာ။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ တချို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေလည်း ဆွေးနွေးကြပါတယ်။ ဒီတရားသူကြီးတွေ ကျမ်းကျိန်ခြင်းနှင့်ပတ်သက်လို့ အဆိုကို မှတ်တမ်းပဲ တင်ထားခဲ့တယ်လို့ ဆွေးနွေးကြပါတယ်။ တကယ်တော့ အဲဒီဆွေးနွေးချက်နဲ့ အဲဒီရက်တွေရဲ့အနေအထား၊ မှတ်တမ်းမှတ်ရာတွေအရ ကျွန်တော် အနည်းငယ် ချပြချင်ပါတယ်။ ၂၃-၁-၂၀၁၃ ရက်နေ့ အခု ဒီအဆိုကို တင်သွင်းတဲ့ နေ့နဲ့တောင် တူပါတယ်။ အဲဒီမှာ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က တရားသူကြီးများ တရားခွင်တွေမှာ လေးလေးနက်နက် ကျမ်းကျိန်ဆိုဖို့ အဆိုတစ်ရပ်တင်သွင်းပါတယ်။ အဲဒီနေ့ကတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော်ရဲ့ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ပါ၊ အဲဒါ ၂၃-၁-၂၀၁၃ ။

**ဥက္ကဋ္ဌ**။ ။ တရားသူကြီးခင်ဗျား။ တရားသူကြီးတင်ပြတာက ကျွန်တော်တို့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့်နော်။ လွှတ်တော်ကိုယ်စားလှယ် တင်ပြတဲ့အတွက်ကြောင့်လည်း၊ ကျွန်တော်တို့ ဥက္ကဋ္ဌဆီပဲ လှည့်ပြီးတော့ တင်ပြပါ။

**ဦးမျိုးတင့် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ခွင့်လွှတ်ပါခင်ဗျား။ သဃ်န်းကျွန်းမြို့နယ် ပြည်သူ့ကိုယ်စားလှယ်က ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေဆိုတဲ့ ဥပဒေမူကြမ်းတစ်ခု တင်ပါတယ်။ အဲဒီမူကြမ်းမှာလည်း ကျွန်တော်တို့ တရားသူကြီးများ

အခုအဆိုအတိုင်း ကျမ်းသစ္စာ ကျိန်ဆိုတဲ့ဟာက အဲဒီမူကြမ်းထဲမှာ ပုဒ်မတစ်ခု ထည့်ထားပါတယ်။ အဲဒီတော့ အဲဒီနေ့မှာ ကျွန်တော်တို့ အဆိုနှင့် မူကြမ်းနဲ့က တစ်ထပ်တည်း ကျနေတဲ့အတွက် တစ်ပေါင်းတည်း ဆွေးနွေးဖို့ဆိုပြီး ဆွေးနွေးပြီးတော့ အဆိုကို မှတ်တမ်းတင်ပြီး ဆက်လက်ဆောင်ရွက်ရန်ဆိုတဲ့ ဆောင်ရွက်တဲ့မှတ်တမ်းတွေ တွေ့ရပါတယ်။ အဲဒီအဆိုနဲ့ပတ်သက်လို့ ဆွေးနွေးပြီးတော့ ကျွန်တော်တို့ တရားစီရင်ရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းဖို့ အဆို အောင်မြင်သွားပါတယ်။ အဲဒီ အဆို အောင်မြင်ပြီးတော့ ဒီဥပဒေကြမ်းကို ၂၀၁၃ ခုနှစ်၊ တရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ အဖြစ် ဥပဒေအမှတ် (၃၀/၂၀၁၃)အဖြစ် ၈-၁၀-၂၀၁၃ ရက်နေ့မှာ ပြဋ္ဌာန်းပါတယ်။ ပြည်ထောင်စု လွှတ်တော်မှာ၊ အဲဒီပြဋ္ဌာန်းတဲ့အခါမှာကျတော့ ပြဋ္ဌာန်းတဲ့အထဲမှာ တရားစီရင်ရေးဥပဒေရဲ့ ပုဒ်မ ၂၃(ခ)ရဲ့နောက်မှာ ပုဒ်မ ၂၃(ဂ)အဖြစ် အစားထိုးရမည် ဆိုပြီးတော့ အဲဒီ(ဂ)နဲ့ ပတ်သက်တဲ့ ဒီပြဋ္ဌာန်းလိုက်တဲ့ ဥပဒေမှာကျတော့ (ဂ)တရားသူကြီးအဖြစ် ရွေးချယ်ခန့်ထားခြင်း ခံရသူများအား တရားသူကြီးအဖြစ် စတင်တာဝန်ပေးသည့်အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုခြင်း မဆောင်ရွက်ရသေးသော တရားသူကြီးများအတွက်လည်း ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန် စီစဉ်ဆောင်ရွက်ရမည်လို့ အဲဒီပုဒ်မ ၂၃(ဂ)မှာ ထည့်သွင်းပြဋ္ဌာန်းလိုက်ပါတယ်။ ဒါကြောင့် ကျမ်းသစ္စာဆိုဖို့ အဆိုက အောင်မြင် ပါတယ်။ ဆိုပုံဆိုနည်းနဲ့ ခုနတင်ပြတဲ့ အချက်ချင်းမတူတော့တာ ကွဲပြားသွားတဲ့အချက်သာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ညွှန်ကြားချက်အမှတ်(၁/၂၀၁၃)နဲ့ ကျွန်တော်တို့ တရားရုံးအဆင့်ဆင့်မှာ ကျမ်းသစ္စာ ဒီသက်သေတွေ၊ အမှုသည်တွေ ကျမ်းသစ္စာ ကျိန်ဆိုဖို့ တိတိကျကျ လိုက်နာဆောင်ရွက်ဖို့နှင့် တရားသူကြီးများ ကျမ်းသစ္စာ ကျိန်ဆိုဖို့ ညွှန်ကြားချက်ထုတ်ပြန် ခဲ့ပါတယ်။ ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာတရားသူကြီးများကို မိမိတို့တာဝန်ထမ်းဆောင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးချုပ်များရဲ့ရှေ့မှာ ကျမ်းသစ္စာ ကျိန်ဆို စေခဲ့ပါတယ်။ ဒါကြောင့် တည်ဆဲဥပဒေတွေထဲမှာ တရားစီရင်ရေးဥပဒေထဲမှာ တရားသူကြီးတွေ ကျမ်းကျိန်ရမယ်လို့ ထည့်သွင်းပြဋ္ဌာန်းခဲ့ပါတယ်။ ဒါပေမဲ့ ထည့်သွင်းပြဋ္ဌာန်းခဲ့တဲ့ စာသားကတော့ ကျွန်တော်တို့ အခု အဆိုတင်သွင်းတာနဲ့တော့ ကွာခြားပါတယ်။ ဒါက ကျွန်တော့်အနေနဲ့ တရား စီရင်ရေးဥပဒေမှာ၊ တည်ဆဲဥပဒေထဲမှာ တရားသူကြီးများ ကျမ်းကျိန်ဖို့ ၈-၁၀-၂၀၁၈ ရက်နေ့မှာ ပြဋ္ဌာန်းတဲ့ တရားစီရင်ရေးဥပဒေ ပြင်ဆင်တဲ့ဥပဒေတွေမှာ ပြဋ္ဌာန်းပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ဒီနေ့ ဒီအချိန်အခါမှာ နိုင်ငံတော်က လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ဖို့အတွက် ဈေးကွက်စီးပွားရေးစနစ်နဲ့ လွတ်လပ်စွာ ကုန်သွယ်ခြင်းကိစ္စတွေကို အစီအမံတွေကို ဆောင်ရွက်နေပါတယ်။ လိုအပ်တဲ့ဥပဒေတွေ ကုန်သွယ်မှုဆိုင်ရာ ဥပဒေများကိုလည်း နိုင်ငံတကာက ရင်းနှီးမြှုပ်နှံနိုင်အောင် ရေးဆွဲပြဋ္ဌာန်းနေတာ ကျွန်တော်တို့ ပြည်သူများလည်း သိရှိပြီးဖြစ်ပါတယ်။ ဒီလိုအနေအထားမျိုးမှာ နိုင်ငံတကာမှာ ကျင့်သုံးလေ့မရှိသေးတဲ့ တရားသူကြီးများ နေ့စဉ် ကျမ်းသစ္စာ ကျိန်ဆိုခြင်းဟာ တစ်ဖက်က ပြည်သူတွေဘက်က ယုံကြည်ကိုးစားမှု မြင့်မားလာစေနိုင်တယ်လို့ အဆို ပြုသလို တစ်ဖက်က နိုင်ငံတကာရဲ့ မျက်မြင်မှာ အခု ရေးဆွဲပြဋ္ဌာန်းတဲ့ ကုန်သွယ်မှုဆိုင်ရာ ဥပဒေ တွေကို အကောင်အထည်ဖော် စီရင်ဆုံးဖြတ်ရမယ့် တရားသူကြီးတွေအပေါ်မှာ အယုံအကြည်အနေနဲ့ တန်စေနိုင်တဲ့ကိစ္စမျိုး ပေါ်ပေါက်လာနိုင်တယ်လို့ ကျွန်တော့်အနေနဲ့ ဒါ မြင်ပါတယ်။ ကျွန်တော်တို့

လက်ရှိကျင့်သုံးနေတဲ့ စနစ်တွေအရ ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့လည်း အခုဟာက ကျွန်တော်တို့ ကုန်သွယ်မှုဆိုင်ရာ စီရင်ချက်တွေကို ကျွန်တော်တို့ Website က ကြေညာဖို့ ထည့်သွင်းကြေညာဖို့ အစီအမံတွေ ဆောင်ရွက်နေပါတယ်။ တစ်ဖက်က အာဆီယံနိုင်ငံ(၁၀)နိုင်ငံရဲ့ Judicial Portal AC Asean Chess Justice စနစ် Judicial Portal ကို ကျွန်တော်တို့ စင်ကာပူနိုင်ငံမှာ (၁၀)နိုင်ငံအတွက် တည်ထောင်ထားပါပြီ။ အဲဒီ Website မှာလည်း ကျွန်တော်တို့ တရားစီရင်ရေး ကုန်သွယ်မှုဆိုင်ရာ စီရင်ချက်တွေကို ထည့်သွင်းလွှင့်တင်ထားဖို့ ကျွန်တော်တို့ အစီအမံတွေ ဆောင်ရွက်နေပါတယ်။ ဒီလိုအနေအထားမျိုးမှာ အခုပြဋ္ဌာန်းတဲ့ ကုန်သွယ်မှုနဲ့ဆိုင်တဲ့ ဥပဒေတွေနဲ့အညီ စီရင်ဆုံးဖြတ်တဲ့ တရားရုံးတွေဟာ နိုင်ငံတကာရဲ့အမြင်မှာ အယုံအကြည် တန်စေနိုင်တဲ့အတွက် ကျွန်တော်တို့ နိုင်ငံတကာ ကျင့်စဉ်အတိုင်း စတင်တာဝန် ထမ်းဆောင်စဉ်က ကျမ်းသစ္စာကျိန်ဆိုခြင်းဟာ တာဝန်ထမ်းဆောင်မယ့် သက်တမ်းတစ်ခုလုံးအတွက် ပဋိညာဉ်ပြုရာရောက်သလို ကျမ်းကျိန်ဆိုရာရောက်တဲ့အတွက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး ရဲ့ အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ကိုယ်စား ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင်ရဲ့ သဘောထားကို ပြောပါ။

**အချိန်၊ ၁၁း၅၀။**

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အခုလိုမျိုး ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြသွားတဲ့အတွက်ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ချုပ် တရားသူကြီးအနေနဲ့ ရှင်းပြတာကတော့ တစ်ခါကျိန်လိုက်ရင် သက်တမ်းတစ်လျှောက်လုံး ပြီးသွားတယ်လို့ပြောတယ်။ ဒါကလည်း ဟို Procedure အရတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် အခုတင်တဲ့အဆိုက လက်ရှိအချိန်မှာ တစ်ကြိမ်တည်းနှင့်ကျိန်ပြီးတော့ လုပ်ဆောင်နေတဲ့ တရားသူကြီးတွေ၊ အောက်ခြေ တရားသူကြီးအဆင့်ဆင့်တွေက လွဲမှားနေပါတယ်။ အဲဒါကြောင့်မို့လို့ အခုအခြေအနေအရ ကျိန်ဖို့လည်း အမှန်တကယ် လိုအပ်ပါတယ်။ ကျိန်ပြီးဆောင်ရွက်လို့လည်း ရှေ့ကကျွန်တော်တို့ ကိုယ်စားလှယ်တွေ ဆွေးနွေးသွားသလို မှန်မှန်ကန်ကန် လုပ်ရင် မကျိန်နိုင်စရာ ဘာအကြောင်းမှမရှိပါဘူး။ နောက်တစ်ခုက တရားသူကြီးတစ်ခုတည်း မဟုတ်ပါဘူး။ ကျန်တဲ့ တရားစီရင်ရေးဥပဒေပုဒ်မ ၇၄ အရ ဒီတရားရုံးများလက်စွဲ ၇၄ အရလည်း သေသေချာချာ ကျိန်စေချင်လို့ ညွှန်ကြားစေချင်လို့ ပါ ပါတယ်။ နောက်တစ်ခုက ဒီတရားစီရင် လက်စွဲမှာ ပါသလိုပေါ့၊ ကိုယ်ဝန်ဆောင်သည်ကို ဘယ်လိုကျိန်ရမယ်ဆိုတာလဲ တကယ်လည်း မကျိန်ဘူး။ အဲဒါတွေလည်း ညွှန်ကြားဖို့လိုပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော့်အဆိုကို လွှတ်တော်ကြီးကနေပြီးတော့ အတည်ပြုနိုင်ရန် လွှတ်တော်အဆုံးအဖြတ်ကို ရယူချင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး တင်သွင်းထားတဲ့ ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး

ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး အဆိုကို အတည်ပြုရန် သဘောတူ၊ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာတွင် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ အဆိုကို အတည်ပြုရန် သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+)သင်္ကေတကို နှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင်အနုတ်(-)သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများပါက အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်မှာဖြစ်ပြီး ကန့်ကွက်ဆန္ဒမဲများပါက အဆိုကို အတည်မပြုကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံမဲ(၁၆၅) မဲ၊ ကန့်ကွက်မဲ (၉) မဲ၊ ကြားနေမဲ (၃) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးစိုးမိုး ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် (၁၁)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။　　။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၅၄ နာရီ အချိန်တွင် ရပ်နားပါသည်။]